# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ (14-6-2015) (၈၂၃၁)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်း ကြည့်ရှုလေ့လာ

❝ ဗိဿနိုးမြို့ဟောင်းအပါအဝင် ဟန်လင်း၊ သရေခေတ္တရာ ပျူရှေးဟောင်းမြို့များသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသများဖြစ်။ ❞

owifpmrufS» 8

# တို့မြန်မာနိုင်ပြီ



စင်ကာပူနိုင်ငံတွင် ကျင်းပသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ယှဉ်ပြိုင်မှုကို ရန်ကုန်မြို့တော်ခန်းမရှေ့ LED ဘုတ်မှတစ်ဆင့် ကြည့်ရှုအားပေးနေသော မြန်မာနိုင်ငံမှ ဘောလုံးချစ်ပရိသတ်များ မြန်မာအသင်းအောင်မြင်မှုအတွက် ဤသို့ ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြသည်။(*သတင်း-ကျော်ဖုံး*) (ဓာတ်ပုံ-ဖိုးခွား)




နေဖြူခနရဲဝင်း

**မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ ခနခရောင်ကာ မရှိသေးဘူး**

ကျွန်တော်က နေဖြူက 'မိုးဇော်ဗိုလ် မင်္ဂလာဆိုင်း'အဖွဲ့နဲ့ နွေဘက်မှာ သီချင်းလိုက်ဆိုလေ့ရှိတဲ့ အဆိုတော်တစ်ယောက်ပါ။ ဆလိုက်မီးရောင်စုံတွေအောက်မှာ မိတ်ကပ်လိမ်းပြီး သီချင်းဆိုရတာလောက် စိတ်ပျက်စရာကောင်းတာ မရှိတော့ပါဘူး။ မိတ်ကပ်လိမ်းတာ တစ်ဘူးတောင်မကုန်သေးဘူး ကျွန်တော့်မျက်နှာမှာ အမည်းကွက်တွေ ဟိုတစ်စ ဒီတစ်စ ပေါ်လာပါရော။ ကျွန်တော်ဘာလုပ်လို့လုပ်ရမှန်း မသိတော့ဘူး။ မိတ်ကပ်တွေလည်း ဆက်မလိမ်းရဲတော့ဘူး။ မိတ်ကပ်မလိမ်းဘဲ မီးရောင်အောက်မှာ သီချင်းဆိုဖို့ကလည်း မျက်နှာက ပြောင်ချော်ချော်ကြီးဖြစ်နေပြန်ရော။ နောက်ဆုံးတော့ ဒီဒဏ်တွေက ကင်းဝေးလို့ ကျွန်တော့်မျက်နှာဟာ အမည်းကွက်တွေပျောက်ကင်းပြီး အရမ်းကိုဖွေးလက်သွားပါတော့တယ်။ တကယ့်ကို အံ့သြစရာပါပဲ။ ရွှေပြည်နန်း (သဘာဝအသားဖြူသနပ်ခါး)ကြောင့်ပါပဲ။ ပြောမယုံ ကြုံဘူးမှသိ ဆိုသလို ပြောတာမယုံရင် အညွှန်းအတိုင်းသုံးစွဲကြည့်လိုက်ပါ။ ကျွန်တော်ကတော့ လက်တွေ့သုံးစွဲကြည့်လို့ယုံလိုက်ပါပြီ။

နေဖြူခနရဲဝင်း၊ ဥယျာဉ်ရှောင်းကျေးရွာ၊ နေဖြူမြို့နယ်၊ ဧရာဝတီတိုင်း။

ထပ်ဆင့်ထောက်ခံအပ်ပါသည်၊ မိုးဇော်ဗိုလ် (မိုးဇော်ဗိုလ်မင်္ဂလာဆိုင်းအဖွဲ့) နာရီစင်ဝင်း၊ နေဖြူမြို့

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

**ကြေးမုံ စာတည်းရှေ့ထောင့်** **၁၄-၆-၂၀၁၅၊ တနင်္ဂနွေနေ့**

# တူညီသော ရည်မှန်းချက်ဖြင့် ပါဝင်

စင်ကာပူနိုင်ငံတွင်ကျင်းပသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းမှာ ပြိုင်ပွဲတိုင်းတွင် အောင်မြင်မှုဆက်တိုက်ရရှိခဲ့သည်။ အောင်မြင်မှုကို ထိုသို့ဆက်တိုက်ရရှိခဲ့ခြင်းမှာ ယူ-၂၃ မြန်မာဘောလုံးကစားသမားများ၏ ရေကုန်ရေခန်းယှဉ်ပြိုင်ခဲ့သော ပြောင်မြောက်သည့် ကစားကွက်များကြောင့်ဖြစ်သလို စင်ကာပူနိုင်ငံရောက် မြန်မာဘောလုံးချစ်မြတ်နိုးသူပရိသတ်များ၏ မြန်မာနိုင်ရ မည်ဟူသော ပြင်းပြသည့်အားပေးမှုများကလည်း အောင်မြင်မှုအတွက် တွန်းအားတစ်ရပ်ဖြစ်စေခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာဘောလုံးအသင်း၏ အောင်မြင်မှုသည် နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံအတွက် ခွန်အားတစ်ရပ်ဖြစ်စေခဲ့သည်။ ရိုးရှင်းစွာဆိုရလျှင် မြန်မာလူငယ်အသင်းသည် တက်သစ်စလူငယ် အသင်းမျှသာဖြစ်သော်လည်း ယခုအောင်မြင်မှုများအတွက် မြန်မာပြည်သူတို့၏နှလုံးသားတွင် အသည်းစွဲဖြစ်လာရသည်။ ကြိုးစားအားထုတ်မှုကောင်းခြင်းနှင့်အတူ နည်းစနစ်ပိုင်းဆိုင်ရာတွင်လည်း အထူးပြောဖွယ်မရှိခဲ့ချေ။ မြန်မာလူငယ်တို့၏ သွက်လက်သည့်ခြေစွမ်းကို ယုံကြည်မှုအပြည့်အဝထား၍ ရဲဝံ့စွာနေရာပေးခဲ့ခြင်းကလည်း မှန်ကန်သောအောင်မြင်မှုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မြန်မာလူငယ်အသင်းသည် မှန်ကန်သောနည်းစနစ်နှင့် အသင်းစီမံခန့်ခွဲမှုကောင်းမွန်မှုတို့ကို အခြေခံကာ ယှဉ်ပြိုင်ကစားရာတွင် ကျွမ်းကျင်မှု၊ လိမ္မာပါးနပ်မှု၊ တစ်ဖက်အသင်းအား လှည့်စားနိုင်မှု၊ အနိုင်ရရေးနှင့် အရှုံးမပေးရေးအတွက် ရေကုန်ရေခန်းဖွဲ့နပဲကြိုးစွာ ကစားနိုင်မှုတို့ကြောင့် အောင်မြင်မှု ရခဲ့ခြင်းဖြစ်သည်ဟု ခြုံငုံသုံးသပ် မိပါသည်။ ဤနေရာတွင် မြန်မာယူ-၂၃ ဘောလုံးအသင်းအားကွင်းအတွင်း ကိုယ်တိုင်ထိတွေ့ အားပေးခဲ့ကြသော စင်ကာပူ နိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသော မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှုများကလည်း အောင်မြင်ခြင်း၏ အထောက်အပံ့ကောင်းများ ဖြစ်ပါသည်။

မြန်မာအသင်း၏ယှဉ်ပြိုင်မှုများကို မိခင်နိုင်ငံမှ တကူးတက သွားရောက်အားပေးကြသူများသာမက စင်ကာပူနိုင်ငံတွင် မိမိတို့၏ကိုယ်စီရည်ရွယ်ချက်အမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်ကြသော မြန်မာများ၏ မြန်မာ လူငယ်ဘောလုံးအသင်းအား အနိုင်ရစေလိုသောစိတ်၊ မိမိနိုင်ငံနှင့် မိမိလူမျိုးကို ချစ်မြတ်နိုးသော စိတ်တို့သည် ဤဘောလုံးပြိုင်ပွဲတွင် မိမိတို့၏စိတ်ရင်းမည်သို့ပင်ရှိသော်လည်း မြန်မာဟူသော စိတ်ရင်းတစ်မျိုးတည်းဖြင့် သဲသဲမဲမဲအားပေးခဲ့ကြသည်မှာ တူညီသောစိတ်ဝမ်းဖြင့် ညီညွတ်မှုကို စုစည်းပြလိုက်ခြင်းလည်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာယူ-၂၃အသင်း၏ အောင်မြင်မှုသည်မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသား များအတွက် ကြီးမားသောခွန်အားများကို ဖြစ်စေခဲ့ပြီး မြန်မာနိုင်ငံအတွက် စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ်ကို ဘောလုံးပွဲမှတစ်ဆင့် ဖော်ထုတ်ပြသလိုက်ခြင်းဖြစ်သည်။ ဤညီညွတ်မှု၊ အောင်မြင်မှုများသည် မြန်မာနိုင်ငံအတွက် ထာဝရအသုံးချရမည့် စွမ်းအားများအဖြစ် ရယူထားရမည်ဖြစ်သည်။ ဤဘောလုံးအသင်း၏ ညီညွတ်မှု၊ အောင်မြင်မှုများကို နမူနာယူ၍ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် အသုံးချနိုင်ရမည်ဖြစ်သည်။

မြန်မာဘောလုံးအသင်း၏ ညီညွတ်မှု၊ နည်းစနစ်ကျမှုများနှင့်ပြည်တွင်းပြည်ပမှ မြန်မာပြည်သူများ၏ မြန်မာဘောလုံးအသင်းအပေါ်ထားရှိသော တူညီသည့်ရည်မှန်းချက်များ၊ တူညီသည့်ဆန္ဒများကြောင့် ရရှိခဲ့သော အောင်မြင်မှုများသည် အနာဂတ်မြန်မာ့ဘောလုံးလောကအတွက် ရွှေရောင်များလင်းလက် တောက်ပလာတော့မည်ဖြစ်သည်။ မြန်မာလူငယ်များ၏ ဘောလုံးမှဖြစ်ပေါ်လာသော စွမ်းအားများသည် အရှေ့တောင် အာရှတွင်သာမက ကမ္ဘာ့အလယ်တွင်ပါ ဝင့်ထည်လာတော့မည်။

ယင်းတို့ကို အခြေပြု၍ ကျွန်ုပ်တို့မြန်မာများ ညီညွတ်ကြရမည်၊ စည်းလုံးကြရမည်။ ကမ္ဘာတွင် မြန်မာဟေ့ ဟူ၍ ကြွေးကြော်နိုင်လောက်အောင် မြန်မာ ယူ-၂၃ ဘောလုံးအသင်းကို တစ်ခဲနက်အားပေးသကဲ့သို့ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ၏ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းအောင်မြင်ရေးတွင် တူညီသောစိတ်ထားဖြင့် တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြလိမ့်မည်ဟုယုံကြည်ပါသည်။ ။

## လယ်ယာသုံးစက်ပစ္စည်းကိရိယာပြုပြင်ထိန်းသိမ်းနည်းသင်တန်း မုံရွာတွင် ဖွင့်လှစ်မည်


**မုံရွာ ဇွန် ၁၃**

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းချိန်တွင် လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ် ထိန်းသိမ်းနည်းများကိုသာမက ပြုပြင်နည်းများကိုပါ စိတ်ပါဝင်စားသည့် တောင်သူဦးကြီးများနှင့် ပြုပြင်ခြင်းလုပ်ငန်းများကို စီးပွားရေးအရ လုပ်ကိုင်လိုသူ တက်သစ်စလူငယ်များကို မုံရွာမြို့ အစိုးရနည်းပညာအထက်တန်းကျောင်းတွင် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်းများကို အခါအားလျော်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ လာမည့် ဇွန် ၂၉ ရက်တွင် အဆိုပါ သင်တန်းအား ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့်ပတ်သက်ပြီး "ကျွန်တော်တို့ကျောင်းမှာ အဓိကဘာသာရပ်များအဖြစ် အဆောက်အအုံ နည်းပညာသင်တန်း၊ အီလက်ထရွန်နစ်နည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်း၊ စက်မှုနည်းပညာသင်တန်း၊ တွင်၊သံဂဟေနည်းပညာသင်တန်းတွေကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ ထူးခြားမှုအနေနဲ့ကတော့ အခုပညာသင်နှစ်ကစပြီး သင်တန်းသားတစ်ဦးစီကို လစဉ်ငွေကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့ပေးသွားမှာပါ။ နောက်ပြီး ကွန်ပျူတာအခြေခံသင်တန်းတွေလည်း ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ အဲဒီ သင်တန်းတွေကိုတော့ အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူတိုင်း တက်လို့ရပါတယ်။ လယ်ယာသုံး စက်ကိရိယာပြုပြင်ထိန်းသိမ်းနည်း သင်တန်းကိုတော့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါတယ်။ အဓိကအနေနဲ့ လယ်ယာသုံးစက်ကိရိယာတွေကိုင်တွယ်လုပ်ကိုင်နေတဲ့ တောင်သူတွေကို သင်ကြားပေးချင်တာပါ။ ဒီသင်တန်းကနေ အမျိုးသားအဆင့် ကျွမ်းကျင်မှုစံနှုန်း အဆင့်(၂)ရှိတဲ့ သင်တန်းအောင်လက်မှတ်ကို ထုတ်ပေးသွားမှာပါ။ နောက်တစ်ခုကကျွန်တော်တို့ကျောင်းကနေပြီး ပန်းရံ၊ လက်သမား သံချည်သံကွေး၊ အိမ်တွင်း ဝါယာသွယ်တန်းမှု၊ သံဂဟေ သင်တန်းတွေလည်း အလှည့်ကျဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ဒီကျောင်းကရရှိတဲ့ သင်တန်းဆင်းလက်မှတ်တွေနဲ့ တခြားနိုင်ငံတွေမှာ အလုပ်လုပ်ချင်တဲ့သူတွေအတွက် အထောက်အကူဖြစ်စေပါတယ်"ဟု အစိုးနည်းပညာအထက်တန်းကျောင်းမှ ခေတ္တကျောင်းအုပ်ကြီးက ပြောသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ဇွန် ၂၉ ရက်မှ စတင်ပြီး ရက်သတ္တခြောက်ပတ်ကြာဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## မွန်ပြည်နယ်တစ်ခွင် ရွေ့လျားမော်တော်ယာဉ်ဖြင့် မူးယစ်ဆေးဝါးပညာပေး

**မော်လမြိုင် ဇွန် ၁၃**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်တိုက်ဖျက်ရေးအထိမ်းအမှတ်အဖြစ် မွန်ပြည်နယ်ရဲတပ်ဖွဲ့၊ မွန်ပြည်နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး(ယင်းမာ) အထူးစီမံချက်အဖြစ် ဟောပြောပွဲများ၊ ဗီနိုင်းပိုစတာစိုက်ထူပွဲများ၊ ၁၀ ဘီးယာဉ်ဖြင့် ရွေ့လျားစာကြည့်တိုက် လုပ်ငန်းများ စသည့် ပညာပေးလုပ်ငန်းများကို မွန်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်သို့ သွားရောက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"ရွေ့လျားစာကြည့်တိုက်အနေနဲ့ ပထမမော်လမြိုင်ခရိုင်မှာရှိတဲ့ မြို့နယ်တွေကိုသွားပြီး လူစည်ကားတဲ့နေရာတွေဖြစ်တဲ့ ဈေးတွေ၊ ကားဂိတ်တွေ၊ ကျောင်းတွေမှာ ရပ်နားပြီး ပညာပေးလက်ကမ်းစာစောင်တွေ ဖြန့်ဝေတာတို့၊ စာကြည့်တိုက်ဖွင့်လှစ်တာတို့၊ ဟောပြောတာတို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အလားတူ သထုံခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်တွေကိုလည်းသွားရောက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီလိုရွေ့လျားစာကြည့်တိုက်တွေကြောင့် လူငယ်တွေဟာ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်ပိုင်းဆိုင်ရာ၊ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများနဲ့ ပြစ်မှုပြစ်ဒဏ်တွေကိုသိရှိပြီး ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ ယင်းမာစီမံချက် ပြီးသွားတဲ့နောက်ပိုင်းမှာလည်း ကျွန်တော်တို့အနေနဲ့ ဒီပညာပေးလုပ်ငန်းတွေကို ရပ်တန့်မသွားဘဲ မွန်ပြည်နယ်မူးယစ်ဆန့်ကျင်ရေးအသင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီးဆက်လက်လုပ်ဆောင်သွားပါမယ်"ဟု မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မော်လမြိုင်တွင် ဇွန် ၇ ရက်မှ စတင်ပြီး တစ်နေ့တစ်ရပ်ကွက်နှုန်းဖြင့် ရပ်ကွက် ၂၈ ရပ်ကွက်သို့ ပညာပေးဟောပြောပွဲများ လုပ်ဆောင်လျက်ရှိပြီး မွန်ပြည်နယ်အတွင်းရှိ ကျန်မြို့နယ်များတွင်လည်း ပညာပေးလုပ်ငန်းများကို တစ်ပြိုင်တည်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဆက်နေမင်းအောင်**

❑❑

**ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံးမျိုးမသုဉ်း**

**ပြင်ဆင်ဖတ်ရှုပါရန်**
၁၀-၆-၂၀၁၅ရက်ကြေးမုံသတင်းစာ၊ စာမျက်နှာ (၇)ပါ ကန့်ကွက်နိုင်ကြောင်း ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ် ၂၆ဒီ၊ မြေကွက်အမှတ် V-၁၇၅၊ ဒေါ်ခင်နုနုအမည်ပေါက် ကြော်ငြာတွင် (၆)ဦးတင်မောင်ဌေး[၁၂/ကမတ(နိုင်)၀၁၇၆၂၀]ဟု ပြင်ဆင်ဖတ်ရှုပါရန်။


**အမည်မှန်နှင့်ဖခင်အမည်မှန်**
ကျွန်တော်ဦးဝင်းသိန်း၏ အမည်မှန်မှာ ဦးဝင်းသိမ်း[၁၂/မရက(နိုင်)၁၂၃၃၅၀]ဖြစ်ကြောင်းနှင့် ထခွဲ အလက ၃၊ သပြေကုန်း၊ သတ္တမတန်း(A)မှ မဖြိုးဆုမွန်၏ဖခင်အမည်မှန်မှာဦးဝင်းသိမ်း[၁၂/မရက(နိုင်) ၁၂၃၃၅၀]ဖြစ်ပါသည်။

**အမည်ပြောင်း**
မြောက်ဥက္ကလာပ၊ အထက(၃)၊ ဒသမတန်းတွင် ပညာသင်ကြားနေသော အဖဦးလွှမ်းကိန်း[၁၂/မဘန(နိုင်)၁၀၃၂၉၀]၏ သားဖြစ်သူ မောင်ညြိနေဆာမားကိမ်းအား မောင်ညြိနီဆာမာကိမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ညြိနီဆာမာကိမ်း

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
၁၂၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပေ(၁၅×၅၀)၊ မြေညီထပ်၊ နေရာကောင်း
ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၁၁၀၀၆

**အမြန်ပြန်လာပါ**
ချစ်ဇနီးမဖြူလေး(ခ)မဖြူဖြူမော် (၉/မရမ(နိုင်)၀၀၀၇၄၆)အမြန်ပြန်လာပါ။အရမ်းစိတ်ပူနေတယ်။ဖေကြီးမှားပါတယ်။
ဦးမျိုးထွန်းအောင်

**Royal Material Co.,Ltd.**
နိုင်ငံတကာ အရည်အသွေးမီ
အိမ်တွင်းအလှဆင်ပစ္စည်းများ အရောင်းပြခန်းနှင့်
အိမ်တွင်းအလှဆင်လုပ်ငန်း



**Royal ABS Home Door, Steel Door& Acrylic Sheet**



အမှတ် (၃၈၉)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး (ငုဝါလမ်းအနီး)၊အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01 215 080, 01 508 132, 09 731 260 52, 09 5102423

ပြည်တွင်းရေးရာ

# ဇေယျာသီရိမြို့နယ်အတွင်းရှိကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်

**နေပြည်တော် ဇွန် ၁၃**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဇေယျာသီရိမြို့နယ် အတွင်းရှိကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ များနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ပဉ္စမ အကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာနေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးက အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ များအားဆုချီးမြှင့်ရာ မန်းအောင်ငြိမ်း ဖောင်ဒေးရှင်း နာယက ဒေါ်ခင်လေးသက်က ခြောက်ဘာသာဂုဏ်ထူးနှင့် ငါးဘာသာ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒ ကျော်စွာက လေးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ သုံးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ နှစ်ဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် တစ်ဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်သည်။



ယင်းနောက် အောင်ချက်အကောင်းဆုံးကျောင်း များကို ဆုများချီးမြှင့်ရာ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးက တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြင့် ပထမရရှိ သော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)၊ အောင်ချက်အကောင်းဆုံးဖြင့် ဒုတိယရရှိ သော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)၊ အောင်ချက်အကောင်းဆုံးဖြင့် တတိယရရှိ သောအခြေခံပညာအထက်တန်းကျောင်း (ရေဆင်း)တို့မှ ကျောင်းအုပ်ကြီးများအား လည်းကောင်း၊ ဇေယျာသီရိ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက အဋ္ဌမတန်းစာမေးပွဲတွင် အောင်ချက်အကောင်းဆုံးရရှိ သော အခြေခံပညာအလယ်တန်းကျောင်းခွဲ(ကျောက်ချက်) နှင့် စတုတ္ထတန်းစာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ရရှိသော ကျောင်းလေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများ အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး အခြေခံပညာ မူလတန်းကျောင်း ၅၆ ကျောင်းအတွက် ဂုဏ်ပြုဆုငွေ များကို ဇေယျာသီရိမြို့နယ် မြို့နယ်ပညာရေးမှူးသို့ ပေးအပ်သည်။

ဆက်လက်၍ ဆုရကျောင်းသား ကျောင်းသူများ ကိုယ်စား အခြေခံပညာအထက်တန်းကျောင်း(ရေဆင်း) မှ ငါးဘာသာဂုဏ်ထူးရှင် မအိဇာဖြိုးဝေက လည်းကောင်း၊ ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးများကိုယ်စား အောင်ချက် အကောင်းဆုံး(ပထမဆု)ရရှိသည့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(နေပြည်တော်)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးက လည်းကောင်း ကျေးဇူးတင်စကားပြောကြား ကြသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ပညာရေးမှူးက ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း အောင်ချက်မြှင့်တင် ရေးအတွက် ပညာရေးဆိုင်ရာဆောင်ရွက်ချက်များကို တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ဇေယျာသီရိမြို့နယ်သည် အခြေခံ စားဝတ်နေရေးအတွက် အရေးပါသည့် စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် သစ်တောတက္ကသိုလ်များ တည်ရှိပါကြောင်း၊ ဇေယျာသီရိမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခွင့် ရရှိ၍ ဝမ်းမြောက်မိပါကြောင်း၊ တာဝန်ရှိသူများနှင့် ပြည်သူ များပူးပေါင်းပါဝင်မှုကြောင့် အောင်မြင်ခဲ့ခြင်းဖြစ်ပါ ကြောင်း။

ပညာရေးကဏ္ဍတွင် အခြေခံကျသောအချက်မှာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ ရောက်ရှိရေးပင်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" ဟူသော ဆောင်ပုဒ်သည် အလွန်ကောင်းမွန်သည့် ဆောင်ပုဒ်ဖြစ်ပါကြောင်း၊ ပညာရည်မြင့်မားရေးအတွက် ဆရာ၊ ကျောင်းသား၊ မိဘ သုံးဦးသုံးဖလှယ် ဟန်ချက်ညီရန်လိုကြောင်း၊ အတန်းတိုင်း အောင်ချက်မြင့်မားရေးနှင့် တက္ကသိုလ်ဝင်တန်းတွင် အောင်ချက်ကောင်းပြီး ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်မှု ရရှိရေး ရည်မှန်းချက်ထားဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်း နှီးနှီးနှုတ်ဆက်သည်။**(ဝဲပုံ)**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အဖွဲ့ဝင် များနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိ မြို့နယ် ဇလောင်းကျေးရွာအုပ်စု ငန်းစပ်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီးဒေသခံတောင်သူ များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီးတို့က ဒေသလိုအပ်ချက်နှင့် ကျောင်း လိုအပ်ချက်များကို လည်းကောင်း၊ ဒေသခံတောင်သူများက ဇလောင်းကျေးရွာအုပ်စု သရက်ဇုန်တွင် လယ်ယာမြေများ ကိစ္စများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူများ၏ တင်ပြချက်များကို စိစစ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း စိတ်ရှည်သည်းခံပြီး မျှမျှတတနှင့် မှန်မှန်ကန်ကန်ဖြစ်အောင် အားလုံးညီညီညွတ်ညွတ်လုပ်ဆောင်ကြရန် လိုကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအား အထူး ကိစ္စတစ်ရပ်အနေဖြင့် တာဝန်ပေးအပ်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ကျောင်းပြုပြင်ထိန်းသိမ်းစောင့်ရှောက် ရေးနှင့် ကျောင်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသခံတောင်သူများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်အတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် ဇွန် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဇွန်လပထမပတ်တွင် ရှမ်းပြည်နယ်အတွင်း လူမှုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့ ငွေများပေးအပ်ကြောင်းသိရသည်။**(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၆ ရက်တွင် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ဓနုမေဘိုးဘွားရိပ်သာတွင် အဘိုးအဘွားများ အား အသုံးအဆောင်ပစ္စည်းများပေးအပ်လှူဒါန်းပြီး ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၄ ဒသမ ၂ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း ငါးကျောင်း အတွက် ငွေကျပ်သိန်း ၃၀ နှင့် ဘက်စုံသုံးခိုလှုံရန်နေရာ(Community Shelter) အတွက် သွပ်အချပ် ၁၈၀ နှင့် သွပ်ရိုက်သံများကို လည်းကောင်း၊ အောင်ပန်းမြို့ မူကြိုကျောင်းဖွင့်ပွဲနှင့် ဟိုပုံးမြို့ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းဖွင့်ပွဲ အခမ်း အနားသို့ တက်ရောက်ပြီး ထောက်ပံ့ငွေကျပ်ခြောက်သိန်းနှင့် သင်ထောက်ကူ ပစ္စည်းများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဇွန် ၇ ရက်တွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တာချီလိတ်မြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်များမှ အသက်(၁၀၀)နှင့်အထက် သက်ကြီးပုဂ္ဂိုလ် သုံးဦး အတွက် ဂုဏ်ပြုလွှာများနှင့်ထောက်ပံ့ငွေ ကျပ်ခြောက်သိန်းကို လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ဘိုးဘွားရိပ်သာနှစ်ခု၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ၁၉ ခု၊ အမျိုးသမီးဂေဟာတစ်ခု၊ မသန်စွမ်းဂေဟာတစ်ခုနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၆၇ ကျောင်းတို့ အတွက် ငွေကျပ် ၁၆၀၈ ဒသမ ၄၇ သိန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ဘိုးဘွားရိပ်သာ တစ်ခု၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကိုးခုနှင့် ကိုယ့်အား ကိုယ်ကိုး မူလတန်း ကြိုကျောင်း ၂၈ ကျောင်းတို့အတွက် ကျပ် ၅၄၈ ဒသမ ၇၄ သိန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ ဘိုးဘွားရိပ်သာတစ်ခု၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ လေးခု၊ မသန်စွမ်းဂေဟာတစ်ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၂၆ ကျောင်းတို့အတွက် ငွေကျပ် ၃၄၅ ဒသမ ၇ သိန်းတို့ကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်နေ အဘွား ဒေါ်လှရွှေ အသက်(၁၀၁)နှစ် နေအိမ်သို့ သွားရောက်ပြီး ဂုဏ်ပြုလွှာ၊ ချီးမြှင့်ငွေကျပ်နှစ်သိန်း နှင့် ဝန်ကြီးဌာနမှအသုံးအဆောင်ပစ္စည်းများကို နိုင်ငံတော်ကိုယ်စား ထောက်ပံ့ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ် ခရီးသွားယာဉ်အား သုံးမြှောင့်ချွန်ဓားဖြင့်ပစ်ပေါက်သူကို အရေးယူ

**နေပြည်တော် ဇွန် ၁၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမ မိုင်တိုင်အမှတ်(၂၃/၅)အနီးတွင် ဇွန် ၆ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က ခရီးသွားမော်တော်ယာဉ်အား စိတ် အနှောင့်အယှက်ဖြစ်အောင် စကေဘာ (သုံးမြှောင့်ချွန်ဓား)ဖြင့် ပစ်ပေါက် ကြောင်း အရေးပေါ်ဖုန်း နံပါတ် ၁၈၈၀ မှ သတင်းပေးချက်အရ ဘောနတ်ကြီး အမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး သန်းဦးပါ တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ခင်မောင်အေးပါ တပ်ဖွဲ့ဝင် ၁၂ ဦးတို့ ပူးပေါင်း၍ ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ မောင်မောင်(၅၂)နှစ် လှေလှော် အင်းကျေးရွာ လှည်းကူးမြို့နယ်နှင့် မျိုးဝင်းပြုံး (၃၁)နှစ် (၁၆/၁)မိုင် သီဟိုဠ်ခြံ လှည်းကူးမြို့နယ်နေသူတို့ နှစ်ဦးမှာ အရက်သေစာ သောက် စားပြီး မောင်မောင်က ယာဉ်ကို စကေဘာဖြင့် ပစ်ပေါက်ခဲ့ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးအား အရက်သေစာ သောက်စားထားခြင်းရှိ၊ မရှိလှည်းကူး မြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးစာ ဖြင့် ဆေးစစ်ချက်ရယူခဲ့ရာ အရက် သေစာ သောက်စားထားကြောင်း ပြန်ကြားသဖြင့် ဘောနတ်ကြီး အမြန် လမ်းမကြီးရဲစခန်း၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၇၉-က/၄၄၀ အရ လည်းကောင်း၊ အမှုမှ ကျူးလွန်သူ မောင်မောင်မှာ ခရီးသွားမော်တော် ယာဉ်အား အရိုးအသွား ကိုးလက်မ ခွဲခန့်ရှိ စကေဘာဖြင့် ပစ်ပေါက်ခဲ့ ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ဘောနတ်ကြီး အမြန်လမ်းမကြီး ရဲစခန်း၌ လက်နက်ဥပဒေပုဒ်မ ၁၉ (င)အရ လည်းကောင်း အရေးယူ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ပြစ်မှုကျူးလွန်သူများ ဖြစ်သော မောင်မောင်နှင့် မျိုးဝင်းပြုံး တို့နှစ်ဦးကို ခရီးသွားမော်တော် ယာဉ်အား စိတ်အနှောင့်အယှက်ဖြစ် အောင် စကေဘာဖြင့် ပစ်ပေါက်မှု ကြောင့် ထိရောက်သော ပြစ်ဒဏ် ချမှတ်နိုင်ရေးဆောင်ရွက်လျက်ရှိ ကြောင်း၊ အမြန်လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာ နိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိပြီး ယာဉ်များကို အနှောင့်အယှက်ပြုသူများအား ဖော် ထုတ်အရေးယူဆောင်ရွက်လျက်ရှိ ကြောင်း ရန်ကုန်-မန္တလေး အမြန် လမ်းမကြီးရဲတပ်ဖွဲ့မှ သတင်းရရှိ သည်။

**(ရဲပြန်ကြား)**

ဥတုရာသီ
တောကိုမှီ၏

# ကယ်လီဖိုးနီးယား တောင်သူလယ်သမားများအား ရေသုံးစွဲမှုလျှော့ချရန် တိုက်တွန်း



**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား ပြည်နယ် အမတ်များက တောင်သူလယ်သမားများအား ရေသုံးစွဲမှုလျှော့ချရန် တိုက်တွန်းလိုက်ရာ ပြည်နယ်၏ သမိုင်းတွင် အကြီးမားဆုံး ရေဖြတ်တောက်မှုဖြစ်သည်ဟု ယနေ့သတင်းများက ဖော်ပြသည်။

ပြည်နယ်တာဝန်ရှိသူများက ၎င်းတို့သည် မြစ်ချောင်းများမှ ရေသွယ်ယူသုံးစွဲခွင့်ရရှိထားသူ ၁၀၀ နီးပါးကို သီးခြားရေလမ်းကြောင်း သုံးခုမှ ရေများသွယ်ယူခြင်းအား ရပ်ဆိုင်းရန် ညွှန်ကြားမည်ဖြစ်သည်။

မိုးခေါင်မှုဖြစ်ပွားခြင်းကြောင့် ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် တာဝန်ရှိသူများက တောင်သူလယ်သမားများကို ရေသုံးစွဲမှု လျှော့ချရန် ခိုင်းစေခြင်းဖြစ်သည်။

အဆိုပါတောင်သူလယ်သမားများသည် ရေသွယ်ယူသုံးစွဲခွင့်ကို နှစ်ပေါင်း ၁၀၀ ကျော်ကတည်းက ရရှိခဲ့ကြခြင်းဖြစ်သည်။ ဆာကရာမင်တို၊ စန်ဂျိုအာကွင်း မြစ်များနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ ရေသွယ်ယူသုံးစွဲခွင့် ရရှိထားသူများသည် အဆိုပါမြစ်များမှ ရေရယူကြခြင်းကို ရပ်ဆိုင်းကြရမည်ဖြစ်သည်။

ကယ်လီဖိုးနီးယားပြည်နယ် အစိုးရသည် ပြည်နယ်အတွင်းမှ အခြားသော မြို့များတွင်လည်း တောင်သူလယ်သမားများ ရေသုံးစွဲမှု လျှော့ချကြရန် အမိန့်ထုတ်ပြန်ထားသည်။ **ရိုက်တာ။**

## အမေရိကန်ဘဏ္ဍာရေးစနစ်အတွင်း ငွေမည်းများ စီးဝင်နေဆဲဟုဆို

**ဝါရှင်တန် ဇွန် ၁၃**

အကြမ်းဖက်အုပ်စုများက ဘဏ်များမှတစ်ဆင့် ငွေကြေးလွှဲပြောင်းပေးပို့မှု မပြုနိုင်အောင် အမေရိကန်အစိုးရက ပိတ်ဆို့ထားသော်လည်း နှစ်စဉ် နိုင်ငံတော်၏ ဘဏ္ဍာရေးစနစ်အတွင်း တရားမဝင်သော ငွေကြေး ဒေါ်လာ ဘီလီယံပေါင်းများစွာ စီးဝင်နေဆဲဖြစ်ကြောင်း အမေရိကန် ဘဏ္ဍာရေးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန် ဘဏ္ဍာရေးဌာနသည် ငွေကြေးခဝါချခြင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ ရန်ပုံငွေဆိုင်ရာ ဘေးအန္တရာယ်များနှင့် ပတ်သက်နေသော အစီရင်ခံစာသစ်နှစ်ရပ်ကို ဇွန် ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဥပဒေမဲ့ လုပ်ရပ်များမှ ပေါ်ထွက်လာသော ငွေကြေး ဒေါ်လာ ဘီလီယံ ၃၀၀ ခန့်မှာ နှစ်စဉ် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများအတွင်းသို့ ဝင်ရောက်လာနေကြောင်း၊ ယင်းငွေကြေး အများစုမှာ ငွေကြေး မသမာမှုများမှ ဖြစ်ပြီး မူးယစ်ဆေးဝါး ကုန်သွယ်မှုနှင့် အခြားသော လုပ်ဆောင်ချက်များမှလည်း ငွေမည်း အများအပြား ပေါ်ထွက်လာနေကြောင်း ဘဏ္ဍာရေးဌာနက ပြောကြားသည်။

ငွေမည်းကို ငွေဖြူအဖြစ်သို့ ခဝါချသည့် လုပ်ဆောင်ချက်များကို အမေရိကန်အစိုးရက တိုးမြှင့် တိုက်ဖျက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးကုန်သွယ်မှုနှင့် အကြမ်းဖက်အုပ်စုများနှင့် ပတ်သက်နေသော ငွေမည်းများကို ဖော်ထုတ်နိုင်ရန် အစိုးရ၏ ဆောင်ရွက်ချက်မှာ အောင်မြင်မှုရရှိနေသော်လည်း ငွေမည်းများသည် ဘဏ္ဍာရေးစနစ်အတွင်း ရှိနေဆဲဖြစ်ကြောင်း ဘဏ္ဍာရေးဌာန တာဝန်ရှိသူများက ပြောကြားကြသည်။ **ပီတီအိုင်။**





# တောင်ကိုရီးယားနိုင်ငံတွင် မားစ်ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၂ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဇွန် ၁၃

**တောင်ကိုရီးယားနိုင်ငံတွင် မားစ်ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၂ ဦး ယနေ့ထပ်မံတွေ့ရှိခဲ့သဖြင့် ကမ္ဘာ့ကျန်းမာရေးဌာနက ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူများနှင့် အထိအတွေ့ရှိသူများကို နိုင်ငံရပ်ခြားသို့ သွားရောက်ခွင့်မပြုရန် အကြံပြုပြောကြားထားကြောင်းသိရသည်။**

ဇွန် ၁၃ ရက်ထိ နိုင်ငံအတွင်း မားစ်ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၃၈ ဦးခန့်ရှိလာပြီး သေဆုံးသူ ၁၄ ဦးခန့်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသည်ဆော်ဒီအာရေဗျနိုင်ငံပြီးနောက် မားစ်ဗိုင်းရပ်စ်ပိုးကူးစက်မှုအများဆုံးတွေ့ရှိရသည့် နိုင်ငံဖြစ်လာသည်။

ကမ္ဘာ့ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်အမျိုးသား ဆေးတက္ကသိုလ်လက်အောက်ရှိ ဂျေဒဘလူလီကျန်းမာရေးစင်တာ အကြီးအကဲတို့ပါဝင်သော ကပ်ရောဂါစစ်ဆေးရေးအဖွဲ့သည် နိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသည့် မားစ်ဗိုင်းရပ်စ်ပိုးကူးစက်မှုနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ငါးရက်ကြာစစ်ဆေးခဲ့သည်။

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူဦးရေကို မျက်ခြည်မပြတ်စောင့်ကြည့်ရန်နှင့် ကူးစက်ခံရသူများကို သီးသန့်ခန်းများတွင် ထားရှိရန် ကမ္ဘာ့ကျန်းမာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဖူကူဒါက တိုက်တွန်းပြောကြားခဲ့သည်။ ထို့ပြင် ဗိုင်းရပ်စ်ပိုးထပ်မံမပြန့်ပွားစေရန် ထိန်းချုပ်မှုများလုပ်ဆောင်ရန် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူများကို နိုင်ငံရပ်ခြားခရီးသွားလာခြင်းကို ပိတ်ပင်တားမြစ်မှုမပြုမီ လွန်ခဲ့သည့်လက တောင်ကိုရီးယား နိုင်ငံသားဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူတစ်ဦးသည် လူဦးရေများပြားလှသော တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**

## နော်ဝေလူ့အခွင့်အရေး အဖွဲ့အစည်း ငွေကြေးခဝါချသည်ဟု စွပ်စွဲခံရ

**အော်စလို ဇွန် ၁၃**

နော်ဝေ လူ့အခွင့်အရေး အဖွဲ့အစည်းတစ်ခုနှင့် ယင်းအဖွဲ့အစည်းခေါင်းဆောင်အား ငွေကြေးခဝါချမှုနှင့် ခိုးယူထားသည့် ကုန်ပစ္စည်းများ လက်ခံမှုတို့ဖြင့် စွပ်စွဲထားကြောင်း နော်ဝေပြည်သူ့ရုပ်သံ NRK က ပြောကြားသည်။

နော်ဝေနိုင်ငံ စတာဗန်ကာမြို့အခြေစိုက် Global Network for Rights and Development (GNRD) ဟု ခေါ်ဆိုသည့် လူ့အခွင့်အရေးအဖွဲ့အား လွန်ခဲ့သည့် သုံးနှစ်ကျော်က အာရပ်စော်ဘွားများ ပြည်ထောင်စုမှ နော်ဝေခရိုနာ သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၁၃ သန်း) လက်ခံခဲ့သည်ဟု စွပ်စွဲထားကြောင်း NRK က ဆိုသည်။ နော်ဝေနိုင်ငံ၏ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရာဇဝတ်မှုများ တိုက်ဖျက်ရေးဗဟိုအဖွဲ့ဖြစ်သည့် စုံစမ်းစစ်ဆေးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုရေး အမျိုးသားအာဏာပိုင်အဖွဲ့က လက်ခံရယူခဲ့သည့် ငွေကြေးမှာ ရာဇဝတ်မှုနှင့် မကင်းသော ငွေဟု ယုံကြည်ရသည့် ကျိုးကြောင်းဆီလျော်သော အကြောင်းအရာများရှိနေကြောင်း ပြောကြားသည်။

NRK ၏အဆိုအရ မည်သူမည်ဝါဟု မဖော်ပြထားသည့် GNRD ခေါင်းဆောင်မှာ နိုင်ငံရပ်ခြား နောက်ခံသမိုင်းကြောင်းရှိပြီး နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူတစ်ဦးအဖြစ် နော်ဝေနိုင်ငံသို့ လာရောက်သူ နော်ဝေနိုင်ငံသားတစ်ဦးဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် GNRD မှာ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ကာကွယ်မြှင့်တင်ရန် ဖွဲ့စည်းထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဟု ကိုယ့်ကိုယ်ကိုယ်ကြေညာထားပြီး ဂျော်ဒန်၊ ဘယ်လ်ဂျီယံ၊ ယူအေအီး၊ ဆွစ်ဇာလန်နှင့် စပိန်နိုင်ငံတို့၌ ဒေသန္တရ ရုံးခွဲငါးခုရှိသည်။ **ဆင်ဟွာ။**



# အာဖဂန်ရဲကင်းစခန်းကို တာလီဘန်တိုက်ခိုက်၊ ၁၇ ဦး သေဆုံး

**ကဘူး ဇွန် ၁၃**

အာဖဂန်နစ္စတန် တောင်ပိုင်းဟဲလ်မန်းပြည်နယ်ရှိ ရဲတပ်ဖွဲ့ကင်းစခန်းတစ်ခုကို ဒါဇင်နှင့်ချီသော သောင်းကျန်းသူများက ဝင်ရောက် တိုက်ခိုက်ရာ အနည်းဆုံး ရဲတပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ယနေ့ ပြောကြားသည်။

အမေရိကန်တပ်များက ၎င်းတို့၏ အာဖဂန်မဟာမိတ်တပ်များကို လေကြောင်းမှ ကူညီတိုက်ခိုက်ပေးခြင်း မပြုတော့သည်ဖြစ်ရာ တာလီဘန်တို့သည် နိုင်ငံ၏ ဝေးလံခေါင်းပါးဒေသများအား ထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် ယခုနှစ်အတွင်း အစိုးရစခန်းများကို တိုက်ခိုက်လျက်ရှိသည်။

သောင်းကျန်းသူများလှုပ်ရှားလျက်ရှိသည့် ဟဲလ်မန်းပြည်နယ်၏ မူဆာကာလာခရိုင်၌ ဇွန် ၁၂ ရက်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့၏ ကင်းစခန်းကို နေရာစုံမှ နာရီအတန်ကြာ ပစ်ခတ်တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးခဲ့သည်ဟု ခရိုင်ရဲအရာရှိ မိုဟာမက်အီဘာက ရိုက်တာသို့ ဖုန်းဖြင့် သတင်းပေးသည်။ သောင်းကျန်းသူဘက်မှ ၁၀ ဦး သေဆုံးသည်ဟုလည်း ပြောသည်။

ကောင်းမွန်စွာ လေ့ကျင့်ထားခြင်းလည်းမရှိ၊ လက်နက်ကောင်းများလည်း တပ်ဆင်ထားခြင်းမရှိသည့် ရဲတပ်ဖွဲ့သည် ရှေ့တန်း စစ်မျက်နှာ၌ တာလီဘန်တို့နှင့် ရင်ဆိုင်နေကြရသည်။

ဝေးလံဒေသ ကင်းစခန်းများ၌ တပ်စွဲထားကြသော ရဲတပ်ဖွဲ့သည် ပိုမိုကောင်းမွန်ခေတ်မီသည့် လက်နက်များကိုင်စွဲထားကြသော ကြည်းတပ်များထက် ပိုမိုအကျအဆုံးများပြားသည်ဟု ဆိုသည်။ **ရိုက်တာ။**

၁၁-၆-၂၀၁၅ ရက်နေ့နှင့် ၁၂-၆-၂၀၁၅ ရက်နေ့ မြန်မာ့အလင်း၊ ကြေးမုံ နေ့စဉ်ထုတ်သတင်းစာများတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဥပဒေကြမ်းအား လေ့လာရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်းပါ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ချက်ဇယားကို အခန်းဆက်ဖော်ပြသွားမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ပြင်ဆင်သည့်ဥပဒေကြမ်း နှိုင်းယှဉ်ဇယား

*(ယမန်နေ့မှအဆက်)*

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း |
|---|---|---|
| ၁၉ | **ပုဒ်မ ၃၀၃**<br>ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ**သည် အောက်ပါအကြောင်းတစ်ရပ်ရပ်မပေါ်ပေါက်လျှင် အသက် ၇၀ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်-**<br>(က) မိမိသဘောအလျောက် ရာထူးမှနုတ်ထွက်ခြင်း၊<br>(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲ ပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊<br>(ဂ) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊<br>(ဃ) ကွယ်လွန်ခြင်း။ | **ပုဒ်မ ၃၀၃ (က)**<br>ပြည်ထောင်စုတရားသူကြီးချုပ်၊ **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်** နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ**၏ ရာထူးသက်တမ်းသည် အောက်ပါအကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ငါးနှစ် ဖြစ်သည်-**<br>(၁) မိမိသဘော**ဆန္ဒ**အလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊<br>(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲ ပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊<br>(၃) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိကြောင်း တွေ့ရှိရခြင်း၊<br>(၄) ကွယ်လွန်ခြင်း။ |
| | **(တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ)** | **ပုဒ်မ ၃၀၃ (ခ)**<br>**အပိုဒ်ခွဲ(က) အရ ရာထူးသက်တမ်း ငါးနှစ်ကုန်ဆုံးသည့်အခါ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရမည်။** |
| | **(တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ)** | **ပုဒ်မ ၃၀၃ (ဂ)**<br>**ပုဒ်မ ၃၀၃၊ ပုဒ်မခွဲ(က)ပါ အကြောင်းတစ်ရပ်ရပ်အရ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးရာထူးလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့်ရာထူးနေရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအသစ်အား ဖြည့်စွက်ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအသစ်၏ ရာထူးသက်တမ်းသည် လစ်လပ်သည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၏ ကျန်ရှိသည့် ရာထူးသက်တမ်းကုန်ဆုံးသည်အထိ ဖြစ်စေရမည်။** |
| ၂၀ | **ပုဒ်မ ၃၁၂**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ**သည် အောက်ပါအကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် အသက် ၆၅ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်-**<br>(က) မိမိသဘောအလျောက် ရာထူးမှနုတ်ထွက်ခြင်း၊<br>(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊<br>(ဂ) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊<br>(ဃ) ကွယ်လွန်ခြင်း။ | **ပုဒ်မ ၃၁၂ (က)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ**၏ ရာထူးသက်တမ်းသည် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ငါးနှစ် ဖြစ်သည်-**<br>(၁) မိမိသဘောအလျောက် ရာထူးမှနုတ်ထွက်ခြင်း၊<br>(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲ ပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊<br>(၃) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊<br>(၄) ကွယ်လွန်ခြင်း။ |
| | **(တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ)** | **ပုဒ်မ ၃၁၂ (ခ)**<br>**ပုဒ်မခွဲ (က)အရ ရာထူးသက်တမ်း ငါးနှစ် ကုန်ဆုံးသွားသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးအသစ်များကို ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။** |
| | **(တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ)** | **ပုဒ်မ ၃၁၂ (ဂ)**<br>**ပုဒ်မ ၃၁၂၊ ပုဒ်မခွဲ(က)ပါ အကြောင်းတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ရာထူးလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူးနေရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးအသစ်များအား ဖြည့်စွက်ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်အပ်တာဝန်ပေးခြင်းခံရသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီး အသစ်များ၏ ရာထူးသက်တမ်းသည် လစ်လပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၏ ကျန်ရှိသည့် ရာထူးသက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်စေရမည်။** |
| ၂၁ | **ပုဒ်မ ၃၂၀**<br>နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်း ကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း**လျက်** သဘောတူညီချက်ရယူရမည်။ | **ပုဒ်မ ၃၂၀**<br>နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ စုစုပေါင်း**ရွေးချယ်ထားသည့် အဖွဲ့ဝင်**ကိုးဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် **နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းရွေးချယ်ထားသည့်** အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း**ပြီး** သဘောတူညီချက် ရယူရမည်။ |

*စာမျက်နှာ - ၆ သို့*

စာမျက်နှာ - ၅ မှ

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း |
|---|---|---|
| ၂၂ | **ပုဒ်မ ၃၂၄**<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။ | **ပုဒ်မ ၃၂၄**<br>(က) ပုဒ်မ ၃၂၃ အရ ချမှတ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။ |
| | (တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ) | (ခ) အများပြည်သူနှင့်သက်ဆိုင်သော အရေးကြီးသည့် အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သဖြင့် ပုဒ်မ ၃၂၄ (က) အရ ချမှတ်သော ဆုံးဖြတ်ချက်မှအပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြန်လည်စိစစ်ဆုံးဖြတ်ပေးရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တင်ပြလာလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ပြန်လည်စိစစ်ဆုံးဖြတ်ပေးနိုင်သည်။ |
| ၂၃ | **ပုဒ်မ ၃၃၃ (ဃ) (၄)**<br>ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။ | **ပုဒ်မ ၃၃၃ (ဃ) (၄)**<br>ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယူဆသူ။ |
| ၂၄ | **ပုဒ်မ ၃၉၆ (ခ)**<br>သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။ | (ပယ်ဖျက်) |
| ၂၅ | **ပုဒ်မ ၃၉၈ (က)**<br>နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီးခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် အနည်းဆုံး ငါးဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။ | **ပုဒ်မ ၃၉၈ (က)**<br>နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အနည်းဆုံး ခြောက်ဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။ |
| ၂၆ | **ပုဒ်မ ၃၉၉**<br>(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း။ | **ပုဒ်မ ၃၉၉**<br>(က) ဥပဒေနှင့်အညီ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း။ |
| ၂၇ | **ပုဒ်မ ၄၀၂ (ဂ)**<br>နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သောကိစ္စရပ်များ။ | (ပယ်ဖျက်) |
| ၂၈ | **ဇယား ၂**<br>**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း**<br>**(ပုဒ်မ ၁၈၈ ကို ရည်ညွှန်းသည်)**<br>**၁။ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ** | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့်-<br>"(က) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ၡ) ၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီး၊<br>(ဎ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်း၊<br>(ဏ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်၊<br>(ဏ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၊<br>(တ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊<br>(ထ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပစ္စည်းရယူခြင်း၊<br>(ဒ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့ရယူခြင်း။ |
| | **၂။ စီးပွားရေးကဏ္ဍ** | (ခ) စီးပွားရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ဂ) ၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်း၊<br>(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်း။ |
| | **၃။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ** | (ဂ) စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ဆ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများဖော်ထုတ်ခြင်း၊<br>(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၊<br>(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်း၊<br>(ၡ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီး ငါးလုပ်ငန်း၊<br>(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးနှင့်မိုးလေဝသလုပ်ငန်း။ |
| | **၄။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ** | (ဃ) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ၌ပါရှိသော အမှတ်စဉ်(င)၏အောက်တွင် အောက်ပါအတိုင်းဖြည့်စွက်ရမည်-<br>(စ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် မိမိထုတ်လုပ်သော သယံဇာတများကို အချိုးအစားသတ်မှတ်ပေးရေး၊<br>(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊<br>(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုတွင်း အလုပ်သမား ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊<br>(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာ အသေးစားနှင့်လက်လုပ်လက်စားလုပ်ငန်း၊<br>(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့်အုပ်စု(၁) အမျိုးအစားတွင် ပါဝင်သော သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်န်းနက်၊ တမလန်းမှအပ ကျန်သစ်များ၊<br>(ၡ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီမံခန့်ခွဲခွင့်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့်သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့်ထိန်းသိမ်းရေး။ |

စာမျက်နှာ - ၇ သို့

စာမျက်နှာ - ၆ မှ

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း |
|---|---|---|
| | ၅။ စက်မှုလက်မှုကဏ္ဍ | (င) စက်မှုလက်မှုကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ခ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဂ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုဇုန်များ။ |
| | ၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ | (စ) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးကဏ္ဍ၌ပါရှိသော အမှတ်စဉ်(ဂ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊<br>(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊<br>(စ) ပြည်ထောင်စုက စီမံခန့်ခွဲသည့် လုပ်ငန်းများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်ခွင့်ရှိသော စက်လှေနှင့် သင်္ဘောငယ်များ တည်ဆောက်ရေးနှင့်ပြင်ဆင်ထိန်းသိမ်းရေး၊<br>(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်း သယ်ယူပို့ဆောင်ရေး၊<br>(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့်အဆောက်အအုံများ။ |
| | ၇။ လူမှုရေးကဏ္ဍ | (ဆ) လူမှုရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဆ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အခြေခံပညာကျောင်းများ၊ စီမံရေးကိစ္စရပ်များ၊<br>(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုသိုလ်ဖြစ်ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့်ဆေးခန်းများ၊<br>(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့်အလှကုန်စသည်တို့ တုပရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊<br>(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊<br>(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊<br>(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်းများ။ |
| | ၈။ စီမံခန့်ခွဲရေးကဏ္ဍ | (ဇ) စီမံခန့်ခွဲရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဂ) ၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ယစ်မျိုး စီမံခန့်ခွဲခွင့်ဆိုင်ရာ ကိစ္စရပ်များ၊<br>(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ။” |
| ၂၉ | ဇယား ၅<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ<br>(ပုဒ်မ ၂၅၄ ကို ရည်ညွှန်းသည်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၅) တွင် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံရမည့် အခွန်အခများစာရင်း၌ ပါရှိသော အမှတ်စဉ် ၁၉ ၏ အောက်တွင် အောက်ပါတို့ကို ဖြည့်စွက်ရမည်-<br>“၂၀။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီးဆိုင်ရာ အခွန်အခများ၊<br>၂၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်းဆိုင်ရာ အခွန်အခများ၊<br>၂၂။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်ဆိုင်ရာအခွန်အခများ၊<br>၂၃။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်အခများ၊<br>၂၄။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အကောက်အခွန်ဆိုင်ရာ အခွန်အခများ၊<br>၂၅။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့်တည်းခိုခန်းဆိုင်ရာ အခွန်အခများ၊<br>၂၆။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊<br>၂၇။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းဆိုင်ရာ အခွန်အခများ၊<br>၂၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီး ငါးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊<br>၂၉။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်အခများ၊<br>၃၀။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့်သတ္တုတွင်းဆိုင်ရာ အခွန်အခများ၊<br>၃၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများ၊<br>၃၂။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့်အုပ်စု(၁) အမျိုးအစားတွင် ပါဝင်သော သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်န်းနက်၊ တမလန်းမှအပ ကျန်သစ်အမျိုးအစားများနှင့် သက်ဆိုင်သည့် အခွန်အခများ၊<br>၃၃။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများ၊<br>၃၄။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သင်္ဘောငယ်များ တည်ဆောက်ရေးနှင့်ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများ၊<br>၃၅။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခွန်အခများ၊<br>၃၆။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့်အဆောက်အအုံများဆိုင်ရာ အခွန်အခများ၊<br>၃၇။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများဆိုင်ရာ အခွန်အခများ၊<br>၃၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိက ဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ၊<br>၃၉။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာ အခွန်အခများ။” |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်ကြသည့် ဒေသခံပြည်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စုအနီးရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဗိသနိုးရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက ဇုန်အတွင်း တူးဖော်တွေ့ရှိသည့် ရှေးဟောင်းအဆောက်အအုံများ၊ နန်းမြို့ရိုးများ၊ ဘုရားစေတီများ၊ လက်ဝတ်ရတနာများ၊ အရိုးအိုးများ၊ ဗိသုကာလက်ရာများ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်သည့် ခိုင်မာမှုရှိခြင်း၊ စစ်မှန်မှုရှိခြင်း၊ စံတန်ဖိုး(၂)၊ စံတန်ဖိုး(၃)၊ စံတန်ဖိုး(၄)တို့ဖြင့် ကိုက်ညီမှုအခြေအနေ၊ တူးဖော်ရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ ခရီးသွားအစီအစဉ်၊ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ ဒေသဖွံ့ဖြိုးရေး၊ ရေရရှိရေးအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ပျူမြို့ဟောင်းများမှ တူးဖော်ရရှိသည့် ရွှေပေလွှာများအား တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတက ဒေသခံပြည်သူများအတွက် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရေး၊ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လူကြောင့်လည်းကောင်း ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ရာတွင်ထားရှိရသည့် စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ရေးနှင့် ရှေးဟောင်းသုတေသနပညာရှင်မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရေးတို့ကို အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့များသည် ဗိသနိုးရှေးဟောင်းသုတေသနပြတိုက်အတွင်း ခင်းကျင်းပြသထားသော တူးဖော်ရရှိသည့် ကျောက်လက်နက်၊ သံလက်နက်၊ အရိုးအိုးများ၊ ဘုရားစေတီများ၊ မြို့ရိုးနှင့် နန်းတော်ရာ ဗိသုကာလက်ရာများ၊ လက်ဝတ်ရတနာများကို လှည့်လည်ကြည့်ရှုလေ့လာရာ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗိသနိုးရှေးဟောင်းသုတေသနပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်းရှိ ကုန်းအမှတ်(၂/၃/၄)ရှိ ဘုရားစေတီနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကိုလည်းကောင်း၊ ကုန်းအမှတ်(၂၈)ရှိ အရိုးအိုးမြှုပ်နှံမှုဓလေ့အား တူးဖော်ထိန်းသိမ်းပြသထားရှိမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်းရှိ ရွှေရောင်တော်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစိတ္တညာဏအားဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

နိုင်ငံတော်သမ္မတသည် ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်တွင် ကုန်းအမှတ် (၂/၃/၄)နှင့် ကုန်းအမှတ် (၂၈)တို့တွင် ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန် ပတ်ဝန်းကျင်ကျေးရွာများမှ စောင့်ကြိုနေကြသည့် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ရာသီဥတုနှင့် စိုက်ပျိုးရေးအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ဗိသနိုးမြို့ဟောင်းသည် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၂ မိနစ် ၄၆ စက္ကန့်နှင့် မြောက်လတ္တီတွဒ် ၂၉ ဒီဂရီ ၀၀ မိနစ် ၁၄ စက္ကန့်အတွင်း တည်ရှိပြီး တောင်တွင်းကြီးမြို့မှ အနောက်တောင်ဘက် ၁၈ ကီလိုမီတာ အကွာ ကုက္ကိုခွကျေးရွာ၏ မြောက်ဘက် တွင်တည်ရှိသည်။ အုတ်မြို့ရိုးနှင့် ရေကျုံးပတ်လည် ကာရံထားသော မြို့ဟောင်း၏အကျယ်အဝန်းသည် ၂၄၂၀ ဧက ရှိသည်။ မြို့ဟောင်း၏ အနောက်မြောက်ဘက်တွင် အင်းရွာကြီး ကျေးရွာ၊ အရှေ့မြောက်ဘက်မြို့ရိုး အပြင်ဘက်တွင် ရွှေရောင်တော်စေတီတော်တို့ တည်ရှိသည်။

ဗိသနိုးမြို့ဟောင်းနှင့် ပတ်ဝန်းကျင်ရှိ ဧရိယာ ၂၂၉၄ စတုရန်းကီလိုမီတာ ကျယ်ဝန်းသော လွင်ပြင်သည် မြောက်ဘက်တွင် ဆဒံချောင်း၊ တောင်ဘက်တွင် ရန်ပယ်ချောင်းနှင့် အနောက်ဘက်တွင် ယင်းချောင်းနှစ်ခု ပေါင်းဆုံရာမှ ပေါ်ပေါက်လာသော လွင်ပြင်ဖြစ်သည်။

မြို့တွင်းမြို့ပြင်တွင် ရှေးဟောင်းအဆောက်အအုံများ ပျံ့နှံ့တည်ရှိပြီး စတုရန်းပုံအုတ်မြို့ရိုး၏ အနားသုံးဘက်ကို မြောက်ဘက်၊ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် ထင်ရှားစွာတွေ့ရသည်။ အနောက်ဘက်တွင်မူ မြို့ရိုးမတွေ့ရှိရတော့ဘဲ အင်းကြီးကန်ဖြင့် မြို့နယ်နိမိတ်ကို ပိုင်းခြားထားသည်။

ဗိသနိုးမြို့ဟောင်းအပါအဝင် ဟန်လင်း၊ သရေခေတ္တရာ ပျူရှေးဟောင်းမြို့များသည် ကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ်နိုင်သည့် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးအမျိုးအစား (၂)၊ (၃)၊ (၄)တို့ဖြင့် ပြည့်စုံကြောင်း အထောက်အထားတင်ပြနိုင်ခဲ့၍ ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်က ပြုလုပ်ခဲ့သော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသများအဖြစ် သတ်မှတ်ခဲ့သည်။

ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်း လိုက်နာရမည့်စည်းကမ်းချက်များ(ကောက်နုတ်ချက်)တွင် ထိခိုက်စေမှုမျိုးဖြစ်သော သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ သဘာဝရှုခင်း၊ တိရစ္ဆာန်၊ အပင်ဖွဲ့တည်မှု၊ ရေအရင်းအမြစ်စသည်တို့ကို ထိခိုက်စေသည့် ဆောင်ရွက်ခြင်းများ၊ ရွှေကျင်ခြင်း၊ မြေတူးခြင်း၊ ရေကန်တူးခြင်း၊ ကျောက်ထုတ်ခြင်း၊ တောင်ပူစာနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ ကန်၊ မြောင်း၊ လျှို၊ ချိုင့်၊ လွင်ပြင်များ၊ မြေဖို့ခြင်းနှင့် သဘာဝရှုခင်း၊ ရှုကွက်ကို ပျက်စီးစေနိုင်သော ဆောင်ရွက်မှုမျိုး၊ အဆောက်အအုံများ၊ (ဥပမာ-သံဃာတော်များ၊ သာသနာပိုင်များ၊ အဖွဲ့အစည်းအမျိုးမျိုး၊ လူထုအဖွဲ့အစည်းများ စသည့်)တို့ကို ပြင်ဆင်၊ မွမ်းမံ၊ ထိန်းသိမ်း၊ ပြုပြင်ခြင်း၊ ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင်မွမ်းမံထိန်းသိမ်းခြင်း၊ စက်ယန္တရားများနှင့် ထွန်ယက်စိုက်ပျိုးခြင်း၊ အခြားတူးဆွခြင်း၊ ခြောက်ပေထက်ပို၍မြင့်မားသော စီးပွားဖြစ်နှစ်ရှည်ပင်များ စိုက်ပျိုးခြင်းတို့ကို ခွင့်မပြုကြောင်း သတ်မှတ်ထားသည်။

ထိုသို့ ပျူမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရသည့်အတွက် ဒေသခံပြည်သူများ၏ စီးပွားရေးအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်မှုများရရှိလာခြင်း၊ အမွေအနှစ်ဒေသများ စနစ်တကျဘက်စုံဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဘုရားဖူးပြည်သူများ၊ သုတေသနပြု လေ့လာလိုသူများ တိုးပွားလာခြင်း၊ နိုင်ငံတကာ၏ စိတ်ဝင်စားမှုပိုမိုရရှိလာပြီး နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များဝင်ရောက်လာမှု ပိုမိုများပြားလာခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များအတွက် နိုင်ငံတကာမှ ပညာရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် သုတေသနလုပ်ငန်းများ စနစ်တကျကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်သည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# သရုပါပညာဒါန စာနယ်ဇင်းမိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံရှိ လူငယ်လူရွယ်များ၏ လုပ်ငန်းဆိုင်ရာစွမ်းရည် (Capacity) များကို တိုးတက်စေရန်နှင့် လုပ်ငန်းခွင်တွင် တိုးတက်ကျွမ်းကျင်မှုများ ရရှိစေရန် ရည်ရွယ်လျက် ပညာဒါန ဖွင့်လှစ်ပို့ချပေးနေသည့် သရုပါ ပညာဒါန စာနယ်ဇင်းမိတ်ဆက်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။



သရုပါပညာဒါန စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း နာယက သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီးနောက် သရုပါ Community Service တည်ထောင်သူ ဦးရဲထက်ဦးက သရုပါပညာဒါန၏ လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြကာ လူငယ်စာရေးဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ)က Capacity Development အကြောင်း ဟောပြောခဲ့သည်။

သရုပါပညာဒါန သင်တန်းကျောင်းကို လက်ရှိတွင် လမ်းမတော်မြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့တွင် General English (4 skills)/ IELTS/ Japanese Language စသည်ဖြင့် သင်ကြားလျက်ရှိပြီး ဆက်လက်၍ LCCI နှင့် ကိုရီးယားဘာသာစကားတို့ကို သင်ကြားပေးသွားမည်ဖြစ်သည်။

သရုပါစာကြည့်တိုက် ပညာဒါနလုပ်ငန်းကို ၂၀၁၂ ခုနှစ်က ကျောင်းသား ၇၀ ဖြင့် လှိုင်မြို့နယ်တွင် စတင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် လှိုင်၊ သန်လျင်၊ ဒလ၊ သာကေတ၊ လမ်းမတော်၊ ကျောက်တန်း စသည့်မြို့နယ်တို့တွင် နွေရာသီအင်္ဂလိပ်စာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့သည်။ လက်ရှိတွင် သရုပါပညာဒါနကျောင်း၌ လုပ်ငန်းခွင်ဝင်နေသည့်လူငယ်များ၊ ပြင်ပလူငယ်များ၊ ကျောင်းသားကျောင်းသူ ၂၅၀ ကျော် တက်ရောက်လျက်ရှိကာ လုပ်ငန်းခွင်ဝင်နိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဖုန်း ၀၉-၅၀၆၀၃၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ **ကျောဖုံးမှ**

မြန်မာအသင်းမှာ ခြေစွမ်းပိုင်းအရ ဗီယက်နမ်အသင်းကို အသာမရခဲ့သော်လည်း ကစားသမားများ၏ နိုင်လိုစိတ်ပြင်းထန်မှု၊ စိတ်ဓာတ်ကောင်းမှု၊ ကြိုးစားအားထုတ်မှုကောင်းမွန်မှုတို့ကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၁၂ ယောက်မြောက်ကစားသမားဖြစ်သည့် မြန်မာဘောလုံးပရိသတ်များ၏ တစ်ခဲနက်အားပေးမှုက အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ စင်ကာပူနိုင်ငံရောက် မြန်မာဘောလုံးပရိသတ် နှစ်သောင်းကျော်မှာ စင်ကာပူအမျိုးသားအားကစားကွင်း၌ ပွဲချိန်ပြည့် တစ်ခဲနက်အားပေးခဲ့ရာ မြန်မာအသင်း နိုင်ပွဲရရှိစေရန် အားဖြစ်စေခဲ့သည်။ အုပ်စုတွင်း ပွဲစဉ်များတွင် ခြေစွမ်းပြလာနိုင်မှုနှင့်အတူ ပရိသတ်များ၏ စိတ်ဝင်တစားအားပေးမှုကို ခံလာရသည့် မြန်မာယူ-၂၃ အသင်းကို အမိနိုင်ငံတော်မှ ပရိသတ်များကလည်း နေအိမ်များရှိ တီဗွီရှေ့မှလည်းကောင်း၊ ပရိဂျက်တာများမှလည်းကောင်း အားပေးခဲ့ကြသည်။

မြန်မာအသင်းအနေဖြင့် နည်းစနစ်ပိုင်းအရ ဗီယက်နမ်ကို ယှဉ်ကစားနိုင်ခြင်းမရှိသော်လည်း ကြိုးစားမှုနှင့် စိတ်ဓာတ်တွင် အပြတ်အသတ်အသာရခဲ့သည်။

ယင်းအတွက်ကြောင့်လည်း မြန်မာအသင်းအနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းတွင် ဒဏ်ရာရနေသည့် ဇင်မင်းဦး၊ ပွဲပယ်ခံထားရသည့် ရဲဝင်းအောင်တို့ မပါဝင်နိုင်သော်လည်း အစားဝင်ရောက်ကစားခဲ့သည့် သိန်းနိုင်ဦးက အမှားအယွင်းမရှိ ကစားနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် နောက်ထပ်အစွမ်းပြခဲ့သူမှာ ဂိုးသမား ကျော်ဇင်ဖြိုးဖြစ်ပြီး ဗီယက်နမ်အသင်းမှသွင်းယူသည့် သေချာပေါက်ဂိုးများစွာကို ကာကွယ်နိုင်ခဲ့သည်။

ဗီယက်နမ်အသင်းမှာ ၎င်းတို့ကစားနေကျပုံစံအတိုင်း အမြန်နှုန်းတင်ကာ ယှဉ်ပြိုင်ကစားခဲ့သည်။ ဗီယက်နမ်အသင်းမှာ ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့သည်။ မြန်မာအသင်းမှာ ခံစစ်ကို လုံအောင်ကစားနေ၍ ဗီယက်နမ်အသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ သို့သော် မြန်မာဂိုးသမား ကျော်ဇင်ဖြိုး၏ လက်စွမ်းပြမှုကြောင့် ဗီယက်နမ်အသင်းဂိုးမရခဲ့ပေ။ ၃၉ မိနစ်တွင် မြန်မာအသင်းဂိုးရခဲ့ပြီး ဗီယက်နမ်နောက်ခံလူ လက်ထိသောကြောင့် ရရှိခဲ့သည့် ပယ်နယ်တီကို စည်သူအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် ဗီယက်နမ်အသင်းက ချေပဂိုးရရှိရန် ကြိုးပမ်းလာခဲ့ပြီး ၇၂ မိနစ်တွင် ဗူဟောသွန်က ချေပဂိုးပြန်သွင်းခဲ့သည်။ ချေပဂိုးပြန်ပေးလိုက်ရသော်လည်း မြန်မာအသင်း ကစားပုံပျက်မသွားဘဲ မိနစ် ၈၀ တွင် အသင်းခေါင်းဆောင် နေလင်းထွန်းက ဗိုလ်လုပွဲတက်စေမည့် အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် ၁၉၇၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိပြီး နောက်ပိုင်းဆီးဂိမ်းပြိုင်ပွဲတွင် ရွှေဆုနှင့် ဝေးကွာနေခဲ့ပြီး ၁၉၉၃ ခုနှစ်နှင့် ၂၀၀၇ ခုနှစ် ပြိုင်ပွဲတို့တွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော်လည်း ငွေဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဆီမီးဒုတိယပွဲအဖြစ် ထိုင်းနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက အင်ဒိုအသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲကို ဇွန် ၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။



(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအသင်းက ဗီယက်နမ်အသင်းကို အနိုင်ရရှိ၍ မြန်မာအသင်းနည်းပြနှင့် စင်ကာပူရောက် မြန်မာပရိသတ်များ ဝမ်းသာဂုဏ်ယူနေကြစဉ်။ (ဓာတ်ပုံ-စိုးညွန့်)

## မြန်မာယူ(၂၃)ဘောလုံးသူရဲကောင်းများသို့

○ မြန်မာ...
မြန်မာ...
မြန်မာနိုင်ပြီ၊ စွမ်းရည်ကြွခိုင်
ဆီမီးဖိုင်နယ်၊ မြန်မာလူငယ်များ
ခမ်းနားလှပ၊ ခြေစွမ်းပြခဲ့
ယူနစ်ဆယ့်သုံး၊ ဘောလုံးသူရဲကောင်း
တစ်သောင်းဗိုလ်ခြေ၊ ညက်ညက်ကြေမှု
အောင်မြေကိုနင်း၊ အောင်မြင်ခြင်းဆုလာဘ်
တန်ဖိုးမဖြတ်နိုင်၊ တစ်နိုင်ငံလုံး
အပြုံးပန်းတွေဝေ၊ မြန်မာ့မြေမှာ
ရွှေဘောလုံးခေတ်၊ သမိုင်းသစ်ကို
ဖွင့်လှစ်နေချင်ကြပြီလေ....။

○ မြန်မာ...
မြန်မာ...
မြန်မာနိုင်ပြီ၊ နိုင်ပြီဟေ့ မြန်မာ
"ဖိုင်နယ်မှာ အားမွေး...
ကျန်သေးတဲ့တစ်ပွဲ၊ အပြိုင်နွှဲကြ..."
မြန်မာ့ဂုဏ်ဆောင်၊ အားကစားမောင်တို့
ရွှေရောင်ဝင်းလက်၊ အောင်ပွဲဆက်ဖို့
သွက်လက်ခြေစွမ်း၊ အံ့မခန်းအောင်
အစွမ်းရှိသမျှ၊ ထုတ်ပြကြလော့...
မြန်မာ့အမိမြေ၊ ပြည်သူတွေက
လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန်
အားပေးသံတွေ...
မိုးမြေသိမ့်သိမ့်ညံနေပြီ...။ ။

ဖိုင်နယ်တက်သွားသော ယူ(၂၃)ဘောလုံးသူရဲကောင်းများသို့ ဂုဏ်ပြုရေးဖွဲ့သည်။

ဟသ်ာတမြင့်ငွေ



မူဆယ် ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တော်ရွှက်ကျေးရွာ အခြေခံမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်၊ ခဲတံ၊ ကျောင်းဝတ်စုံများ ပေးအပ်ပွဲကို ဇွန် ၉ ရက်က ကျင်းပစဉ်။ (၀၁၁၂)

## ဗမာတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ နှစ်ပတ်လည်စည်းဝေး

**နေပြည်တော် ဇွန် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့တွင် ၂၀၁၅ ခုနှစ် တာမိုးညဲဒေသ (မုန်းဝန်း) ဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ရွေးချယ်တင်မြှောက်ထားသော အလုပ်အမှုဆောင်အဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ဒေသခံများနှင့် အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# အမွေကောင်းကောင်း ရချင်တယ်

ရန်ကင်း

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို ပြင်ဆင်ပေးဖို့ အဓိကအားဖြင့် တိုင်းရင်းသားတွေက တောင်းဆိုနေကြတာပါ။ ဘာကိုလိုလို့လဲဆိုတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ကိုယ်ပိုင်စီရင်အုပ်ချုပ်ခွင့် တိုးမြှင့်ရရှိစေဖို့လို့ ဆိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)မှာ နောက်ဆက်တွဲဇယား (၁) (၂) (၃) (၅) ဆိုတာရှိပါတယ်။ ယေဘုယျသဘောပြောရရင်တော့ ဇယား (၁)က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ ရဲ့ နောက်ဆက်တွဲဖြစ်ပြီး ပြည်ထောင်စုဥပဒေပြုစာရင်းဖြစ်ပါတယ်။ ဇယား (၂)က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ရဲ့ နောက်ဆက်တွဲဖြစ်ပြီးတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းဖြစ်ပါတယ်။ ဇယား (၃)ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၆ ရဲ့ နောက်ဆက်တွဲဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရဲ့ ဥပဒေပြုစာရင်းဖြစ်ပါတယ်။ ဇယား (၅)ကျတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များ ကောက်ခံရမယ့် အခွန်အခများစာရင်းဖြစ်ပြီး ပုဒ်မ ၂၅၄ ရဲ့ နောက်ဆက်တွဲဖြစ်ပါတယ်။ ဒီဇယား (၁)က အချို့ကို ကျန်ဇယား (၂) (၃) တို့သို့ မျှပေးပြီး ဇယား (၅)ကို အခွင့်အလမ်းတိုးပေးဖို့အတွက် အခြေခံဥပဒေကို ပြင်ပေးပါဆိုပြီး တိုင်းရင်းသားတွေက တောင်းဆိုကြတာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ပေးမှ ရမှာပါ။ အခြေအနေအလိုက် ပြင်နိုင်တယ်ဆိုတာ သိပြီးကြပါပြီ။

ဒီ့ပြင် တိုင်းရင်းသားတွေရဲ့ တောင်းဆိုချက်တစ်ခုက ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ ခန့်ထားခြင်းနဲ့ ပတ်သက်ပြီးတော့ သူတို့ရဲ့ လွှတ်တော်ကနေ ရွေးချယ်တင်မြှောက်ပိုင်ခွင့်ရချင်တာကို တွေ့ရပါတယ်။ ဒီ ၆ ပွင့်ဆိုင်တို့၊ ၄၈ ပွင့်ဆိုင်တို့ ပြောကြဆိုကြ ဆွေးနွေးကြတဲ့ ရည်ရွယ်ချက်ကလည်း အတွင်းကျကျ သတင်းနှိုက်ကြည့်လိုက်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ကို ပြင်ဆင်ဖို့ဆိုရင် နိုင်ငံတော်သမ္မတနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကတိကို ရချင်လို့ဟု ယူဆနိုင်ပါတယ်။ မသင့်မလျော်ပြိုင်ပွဲ မဟုတ်ရင်ပြီးတာပါပဲ။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး ရေးဆွဲခဲ့တာပါ၊ အိမ်နီးချင်း အိန္ဒိယနိုင်ငံနဲ့ အင်္ဂလန်နိုင်ငံတို့ရဲ့ အုပ်ချုပ်မှုစနစ်ကိုလေ့လာပြီး ပါလီမန် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ခဲ့တာဖြစ်ပါတယ်။ နည်းနည်းလေး ရှင်းပြရမယ်ဆိုရင် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုပြီးတော့ ကဏ္ဍသုံးရပ်ရှိပါတယ်။ နိုင်ငံတော်သမ္မတဟာ သီးခြားနိုင်ငံ့ဥသျှောင်အနေနဲ့ နေရပြီး အုပ်ချုပ်ရေးအာဏာပိုင်ဟာ ဝန်ကြီးချုပ်ဖြစ်ပါတယ်။ အဲဒီတုန်းက လူမျိုးစုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ ပြည်ထောင်စုပါလီမန်ဆိုပြီးတော့ လွှတ်တော် ၃ ရပ်ခွဲခြားထားပါတယ်။ အကျဉ်းချုပ်ပဲတင်ပြရမယ်ဆိုရင် သမ္မတ၊ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများဟာ အုပ်ချုပ်ရေးအာဏာကို တာဝန်ယူရသလို ဥပဒေပြုရေးအာဏာရယူထားတဲ့ ပါလီမန်မှာလည်း သူတို့ပါဝင်ကြပါတယ်။ ဆိုတော့ကာ ပါလီမန်ဟာ နိုင်ငံ့အရေးအရာတွေကို အုပ်ချုပ်ရေးရော၊ ဥပဒေပြုတာရော တွဲလုပ်တော့ အာဏာရှင်ပါလီမန်ဖြစ်လာပြီး အာဏာရ ပါတီအတွင်းမှာတောင် အကွဲအပြဲဇာတ်လမ်းဆိုးကြီး ဖြစ်လာခဲ့တယ်။ လွတ်လပ်ရေးရပြီးခါစမှာပဲ ပြည်တွင်းသောင်းကျန်းမှုတွေ မြင့်မားနေသလို နိုင်ငံရေးလမ်းကြောင်းကလည်း အက်ကွဲကြောင်းတွေနဲ့ တည်ငြိမ်မှုပျက်ပြားနေခဲ့ပါတယ်။ သမိုင်းမှတ်တမ်းတွေ ရှိပြီးသားပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို နိုင်ငံတွင်းမှာရှိတဲ့အစုအဖွဲ့ပေါင်း ၈ ခုက ကိုယ်စားလှယ်ပေါင်း ၁၀၈၆ ဦး (လက်နက်ကိုင်တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များမှ ကိုယ်စားလှယ်ပေါင်း ၁၀၅ ဦး အပါအဝင်) တက်ရောက်ဆွေးနွေးညှိနှိုင်းပြီးမှ အခြေခံမူတွေချပြီး ရေးဆွဲထားတာဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖြစ်ပေါ်ခဲ့တဲ့ ပါလီမန်ဒီမိုကရေစီစနစ်နဲ့ ကွဲပြားတဲ့ သမ္မတအုပ်ချုပ်တဲ့စနစ်ကို ပြောင်းယူပါတယ်။ ဒီသမ္မတကတော့နိုင်ငံရဲ့ဥသျှောင်ဖြစ်သလို အုပ်ချုပ်ရေးအဖွဲ့အစည်းရဲ့ အကြီးအကဲလည်းဖြစ်ပါတယ်။ သို့သော်လည်း ပါလီမန်ဒီမိုကရေစီစနစ်နဲ့ ကွာခြားချက်ကတော့ ပါတီအသီးသီးကနေ ရွေးကောက်တင်မြှောက်လိုက်တဲ့ သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများဟာ စတင်တာဝန်ထမ်းဆောင်တာနဲ့ အမျိုးသားနိုင်ငံရေးကိုသာလုပ်ကြရပြီး ပါတီလုပ်ငန်းလည်းမလုပ်ရ၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါကလည်း နုတ်ထွက်ရတဲ့ပုံစံဖြစ်ပါတယ်။ သမ္မတဟာ အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲအနေနဲ့ အုပ်ချုပ်ရေးတာဝန်ယူ၊ လွှတ်တော်များက ဥပဒေပြုရေးတာဝန်ယူ၊ တရားရေးကဏ္ဍက သီးခြားရပ်တည်ပြီး တရားစီရင်ရေး ဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ သို့သော်လည်း ဒီလိုဆောင်ရွက်တဲ့နေရာမှာ အမှားအယွင်းတွေမရှိအောင်၊ ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အကျင့်တွေရအောင်၊ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းနိုင်အောင်ဆိုတဲ့ အခြေခံမူကိုချမှတ်ပေးထားပါတယ်။ ဒီပြဋ္ဌာန်းချက်လေးတော့ သိစေချင်လို့ တင်ပြလိုက်ပါတယ် -

**"ပုဒ်မ ၁၁။**

(က) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်။

(ခ) ထိုသို့ ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းသည်။"

ပြည်ထောင်စုလွှတ်တော်က အများပြည်သူတွေ လေ့လာဖို့ဆိုပြီး ၂၀၁၅ ခုနှစ် ဇွန်လ ၁၁ ရက်နဲ့ ၁၂ ရက်များမှာ ထုတ်ပြန်ထားတဲ့ ဥပဒေ(မူကြမ်း)တွေကို ကျွန်တော် လေ့လာကြည့်မိပါတယ်။ ပြည်သူများသို့ ကျွန်တော်နားလည်တာကိုလည်း ရှင်းလင်းတင်ပြချင်ပါတယ်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့ ပထမဥပဒေ(မူကြမ်း)ဟာ ပုဒ်မ ၄၃၆ (က) ပြင်ဆင်ဖို့လို့ ဆိုပါတယ်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့ ဒုတိယဥပဒေ(မူကြမ်း)ဟာ ပုဒ်မ ၄၃၆ (ခ) ပြင်ဆင်ဖို့လို့ဆိုပါတယ်။

(၃) ဥပဒေ(မူကြမ်း)တွေဟာ မပြင်တော့မလိုလို ပြင်တော့မလိုလိုနဲ့ ဝေဖန်ပြစ်တင်သံ ဆူညံဆူညံကြားကနေ ရုတ်တရက် ထွက်ပေါ်လာတာဟာလည်း ဖြစ်ရိုးဖြစ်စဉ်လို့ပဲ ယူဆရမလား၊ ထူးခြားနေသလား၊ Political Player တွေကတော့ ကောင်းကောင်းသိနိုင်ပါတယ်။

(၄) ဒီဥပဒေ(မူကြမ်း) ၂ ခုရဲ့ ရည်ရွယ်ချက်ကတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအုပ်ချုပ်ပုံစနစ်ကို ၁၉၄၇ ခုနှစ်ကကဲ့သို့ ပါလီမန်ဒီမိုကရေစီစနစ်အသွင်ပြန်ပြောင်းဖို့ ကြိုးစားတာဖြစ်ပါတယ်။ ဒီလိုပြောင်းဖို့လိုတယ်လို့ သုံးသပ်ဆောင်ရွက်စေတဲ့ ပွဲကိုင်ရှင်တော့ရှိပါလိမ့်မယ်။ အခြေခံဥပဒေက လွတ်လပ်စွာသဘောကွဲခွင့်ရှိတယ်လို့ ဆိုထားတာပဲ။ သို့သော်လည်း ပါလီမန်ဒီမိုကရေစီစနစ်ရဲ့ အားနည်းချက်တွေကြောင့် အကွဲအပြဲတွေ ဖြစ်ပေါ်ခဲ့ကာ အာဏာရှင်ပါလီမန်ပုံစံ ရောက်သွားခဲ့ရတယ်ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) မှာ အချုပ်အခြာအာဏာရဲ့ အာဏာ ၃ ရပ်တို့ကို သီးခြားမဏ္ဍိုင်များအဖြစ် ခွဲဝေအပ်နှင်းထားပါတယ်။ ယခုတစ်ခါပြန်ပြီး ဒီအာဏာရှင် ပါလီမန် ဒီမိုကရေစီစနစ်ပုံစံကို ပြန်ပြီးပြောင်းလဲလိုခြင်းဟာ အလွန်စဉ်းစားသင့်တဲ့ကိစ္စဖြစ်နေပါပြီ။ ပြည်သူ့အတွက် ဟုတ်ရဲ့လား၊ အခြားရည်မှန်းချက်ရှိနေသလား။

**"အသစ်အသစ်သော အမွေခံမျိုးဆက်သစ်လူငယ်လူရွယ်တွေကို နိုင်ငံတော်ကို လက်ဆင့်ကမ်း လွှဲအပ်ပေးခဲ့ရာမှာ မကောင်းပါဘူးဆိုတဲ့ သမိုင်းပြကွက်ဟောင်းကြီးကိုပဲ ပုံဖော်လွှဲပေးသွားမယ်ဆိုရင် ကိုယ်တာဝန်ရှိလို့ ကိုယ်တစ်ယောက်တည်း နစ်နာတာအကြောင်းမဟုတ်ပါဘူး။ ဆင်းရဲမွဲနွံ့ထဲက ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ နိုင်ငံသားတွေအတွက် အလေးထားကာကွယ်ပေးဖို့ လိုလာပါပြီ"**

(၅) တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ကာကွယ်ပေးဖို့ တာဝန်ရှိတယ်ဆိုတာကိုတော့ ထိထားတာမတွေ့ရပါဘူး။ သို့သော်လည်း ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ခွင့်ရတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ကို လုံးဝပိတ်ပင်ဖို့ ကြိုးစားထားပါတယ်။

(၆) တပ်မတော်သားတွေကို ပြည်ထောင်စုဝန်ကြီး ခန့်အပ်ဖို့ဆိုရင် လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ တပ်မတော်သားထဲကပဲ ရွေးချယ်ခန့်အပ်ရမယ်လို့လည်း ဆိုထားပါတယ်။

(၇) နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများဟာ အမျိုးသား နိုင်ငံရေးပဲလုပ်ရမယ်၊ ခန့်အပ်ခံရတဲ့နေ့ကနေစပြီး ပါတီလုပ်ငန်းများ မဆောင်ရွက်ရ၊ လွှတ်တော်ကိုယ်စားလှယ်မဖြစ်စေရဆိုတဲ့ အချက်တွေကို ဖျက်ပစ်လိုက်ပါတယ်။ ဆိုလိုတာက လွှတ်တော်သည်သာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကြီး ၃ ရပ်လုံးကို ထိန်းတော့မယ်ဆိုတဲ့သဘော ပုံဖော်ယူလိုခြင်းပဲ ဖြစ်တယ်လို့ နားလည်မိပါတယ်။ ဒုတိယဥပဒေ(မူကြမ်း)ရဲ့ အပိုဒ် (၁၂)မှ (၂၄)အထိ လေ့လာကြည့်ရင် ထူးခြားတဲ့အသိတစ်ခုဝင်လာမှာပါ။ နိုင်ငံတော်၏ အထွဋ်အထိပ်အာဏာကို ရရှိသည်ဆိုတဲ့ သမ္မတနဲ့ သူ့ရဲ့အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေဟာ ပင်မတာဝန်ကို မလုပ်ရတော့ဘဲ လွှတ်တော်ကို အချိန်ပြည့်တက်ပြီး လွှတ်တော်ဥက္ကဋ္ဌက ခိုင်းတာကိုပဲ လုပ်ကြရမယ်လို့များ ဆိုလိုပါသလား။ မျက်စိတစ်ဆုံးကြည့်ရုံနဲ့တောင် ရင်လေးမိတယ်။ ဒါကြီးများအတည်ပြုလိုက်နိုင်သည်ရှိသော် ရှေ့ကာလအဝေးကြီးအတွက် မတွေးဝံ့နိုင်အောင်ပါပဲ။

(၈) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကဲ့သို့မျိုး သမ္မတကို ရုပ်ပြအဖြစ်သာထားပြီး ဝန်ကြီးချုပ်တစ်ယောက်လည်းခန့်ဖို့ ဆက်ပြီးလုပ်မလား စောင့်ကြည့်ရဦးမှာပါ။ ဒါဘာဖြစ်လို့လည်းဆိုတော့ ဒီဥပဒေ(မူကြမ်း) ၂ ခု အောင်မြင်မယ်ဆိုရင် ဆက်လုပ်မယ့်သဘောပါပဲ။ ဒါမှမဟုတ်ရင် ဖဲသုံးချပ်ကစားသလို တွက်ချက်ပြီး လွှတ်တော်ဥက္ကဋ္ဌ ကြိုရွေးထားသလား။ နိုင်ငံတော်ကို အာဏာရှင်ပုံစံတစ်ရပ်ဆီသို့ တွန်းပို့ချင်တဲ့ တစ်စုံတစ်ယောက်ရဲ့ ယုံကြည်ချက်နဲ့ ခံယူချက်များအရ ဒါတွေပေါ်ပေါက်လာသလားဆိုတာ စဉ်းစားစရာပါ။ ဥပဒေ(မူကြမ်း)ကို ထုဆစ်ဖန်တီးသူတွေက ငြင်းကြပါလိမ့်မယ်၊ အများသဘောတူနဲ့ လုပ်တာပါ၊ အစည်းအဝေးတွေ အကြိမ်ကြိမ်လုပ်ပြီး ဆုံးဖြတ်ပါတယ်လို့ ဆိုပြီးတော့ ပြည်သူ့အကျိုးအတွက် အဝေဖန်ခံနိုင်တဲ့ ဥပဒေဖြစ်ဖို့က အဓိကပါ။

ကျွန်တော်တင်ပြချင်တာလေး ရှိပါတယ်။ သမိုင်းကိုဘာလို့သင်လဲလို့ မေးတဲ့အခါ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက **"မအအောင်လို့"** လို့ဖြေထားတာ ကျွန်တော်တို့ နှစ်နှစ်ခြိုက်ခြိုက် သဘောကျခဲ့မိတယ်။ ဒါကြောင့် ကျွန်တော်ဟာ သမိုင်းစာအုပ်စာတမ်းတွေကို ဖတ်ရှုစုဆောင်းလေ့ရှိတယ်။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါးမှာ အတိတ်က မကောင်းတာတွေကို ပယ်ရှားပြီး အနာဂတ်ပိုင်စိုးသူတွေဟာ ဆင်ခြင်တုံတရားအပြည့်နဲ့ နိုင်ငံကောင်းအောင်ဖန်တီးလျက် အနာဂတ်မျိုးဆက်သစ်တွေအတွက် အမွေခံကောင်းတွေ ပေးရမယ်လို့ဆိုပါတယ်။ စီမံဆုံးဖြတ်ပိုင်ခွင့်ရထားသူတွေအနေနဲ့လည်း အားလုံးပညာရှိသတိဖြစ်ခဲဆိုသလို ဖြစ်မှာစိုးလို့ တင်ပြချင်တာက လူတစ်ယောက်ဟာ မြစ်တစ်ခုထဲကို နှစ်ခါခုန်ဆင်းလို့မရဘူးဆိုတဲ့ စကားပုံလိုပါပဲ။ အသစ်အသစ်သော အမွေခံမျိုးဆက်သစ် လူငယ်လူရွယ်တွေကို နိုင်ငံတော်ကို လက်ဆင့်ကမ်း လွှဲအပ်ပေးခဲ့ရာမှာ မကောင်းပါဘူးဆိုတဲ့ သမိုင်းပြကွက်ဟောင်းကြီးကိုပဲ ပုံဖော်လွှဲပေးသွားမယ်ဆိုရင် ကိုယ်တာဝန်ရှိလို့ ကိုယ်တစ်ယောက်တည်း နစ်နာတာအကြောင်းမဟုတ်ပါဘူး။ ဆင်းရဲမွဲနွံ့ထဲက ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ နိုင်ငံသားတွေအတွက် အလေးထားကာကွယ်ပေးဖို့ လိုလာပါပြီ။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပြင်ဆင်ရေး ဆောင်ရွက်ဖို့အတွက် ဥပဒေ(မူကြမ်း)ကို ပြည်သူတွေလက်ထဲ ပို့လိုက်ပါပြီ။ ပြည်သူတွေအနေနဲ့လည်း ပကတိအရှိကို လေ့လာပြီး ရှေ့နောက်ဝေဖန်ကြဖို့လိုမှာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေတိုင်းရဲ့ အခေါင်အချုပ်၊ နိုင်ငံတော်ကို ပုံဖော်တဲ့ အဓိကအကျဆုံး ဥပဒေကြီးဖြစ်ပါတယ်။ တစ်ချက်သိသိ၊ နှစ်ချက်သိသိ ဝင်ရောက်ဆွေးနွေးအကြံပေးကြမှ ကောင်းပါလိမ့်မယ်။ ပြည်သူတွေအကြံပေးပါလျက်နဲ့ မျက်ကွယ်ပြုပြီး လုပ်ချင်တာလုပ်တဲ့ ပြည်သူ့ကိုယ်စားလှယ်မျိုး ရှိ၊ မရှိတော့ စောင့်ကြည့်ရမှာပါ။ ဘာပဲပြောပြော ဒီဥပဒေ(မူကြမ်း) ၂ ခုဟာ နိုင်ငံတည်ငြိမ်လာအောင်၊ တိုးတက်လာအောင် လုပ်ရမယ်ဆိုတဲ့ ရည်မှန်းချက်တွေနဲ့ လိုက်လျောညီထွေ ရှိပါ့မလားဆိုတာ သံသယရှိစရာပါပဲ။ ကျွန်တော်တို့က ဝေဖန်ခွင့်ပဲရှိတာ၊ ပြည်သူတွေသိအောင် တင်ပြခွင့်ပဲရှိတာလေ။

ကြုံကြိုက်လို့ ဒီဥပဒေကြမ်းကို ရေးဆွဲထုတ်ပြန်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို မေးချင်ပါတယ်။ သည်းခံပြီး ဖြေပေးကြပါခင်ဗျာ။ ကျွန်တော်တို့ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ကိုယ်ရွေးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များအပေါ် ထိန်းကျောင်းနိုင်ဖို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကနေ အခွင့်အရေးပေးထားတဲ့ ပြဋ္ဌာန်းချက်တွေရှိပါတယ်။ အဲဒါကတော့ Right to Recall လို့ အင်္ဂလိပ်လိုခေါ်ပါတယ်။

**(၁) ပုဒ်မ ၃၈။**

(က) x x x x x x x x x x x x x x x x x x x x x x x x x x x x။

(ခ) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

**(၂) ပုဒ်မ ၃၆၉။**

(က) x x x x x x x x x x x x x x x x x x x x x x x x x x x x။

(ခ) သက်ဆိုင်ရာမဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

**(၃) ပုဒ်မ ၃၉၆။**

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်-

(၁) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်း ပျက်ယွင်းခြင်း၊

(၅) ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း။

**စာမျက်နှာ ၁၁ သို့**

# တရုတ်ကူမင်းမြို့ သွင်းကုန်ထုတ်ကုန် ကုန်စည်ပြပွဲ



**ကူမင်း ဇွန် ၁၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် The Kunming Dianchi International Convention and Exhibition Center၌ ပထမဆုံးကျင်းပသည့် တတိယအကြိမ် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့်(၂၃)ကြိမ်မြောက် ကူမင်းမြို့ သွင်းကုန်ထုတ်ကုန် ကုန်စည်ပြပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီတွင် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ လီယောင်ချောင်၊ အာဆီယံနိုင်ငံများနှင့် တောင်အာရှ နိုင်ငံများမှ သမ္မတများ၊ ဝန်ကြီးချုပ်များ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။

တရုတ်နိုင်ငံနှင့်တောင်အာရှနိုင်ငံများအကြား အချင်းချင်းပူးပေါင်းဆောင်ရွက်ရာတွင် လက်တွေ့ကျသော၊ အဆင့်မြင့်သော၊ အနှစ်သာရများဖြင့် ပိုမိုကျယ်ပြန့်နက်ရှိုင်းပြီး ငြိမ်းချမ်းတိုးတက်သော အကျိုးရှိမှုကို လိုက်နာရန် ခင်မင်ရင်းနှီးမှု၊ စေတနာဖြူစင်မှု၊ အကျိုးဖြစ်ထွန်းမှု၊ အခြေခံမူဝါဒများအတိုင်း အပြန်အလှန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယူနန်ပြည်နယ်၏ ပထမဆုံးသော အကြီးမားဆုံးကုန်စည်ပြပွဲကြီးမှ လူမှုယဉ်ကျေးမှု၊ လူငယ်များအတွက် ပညာရေး၊ သာသနာရေး၊ မီဒီယာများဖလှယ်ရေးစသည်ဖြင့် အကျိုးဖြစ်ထွန်းစေမည့်အပြင် ၂၀၁၅ ခုနှစ်သည် တရုတ်-အာဆီယံပင်လယ်သမုဒ္ဒရာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်နှစ်ကာလသို့ ကျရောက်သည့် နှစ်ဖြစ်သည့်အတွက် တရုတ်-အာဆီယံတို့၏ ကံကြမ္မာအကျိုးတူဖြစ်လာရေး၊ ၂၁ ရာစုပင်လယ်ပြင်ပိုးလမ်းမကြီး တည်ဆောက်ရေးအစရှိသည့် အရေးပါသည့် ကုန်သွယ်မှု စီးပွားရေးလုပ်ငန်းများအတွက် အားကောင်းသောစွမ်းအားများဖြစ်ကြောင်း၊ အချင်းချင်းယုံကြည်မှုကို တိုးပွားစေပြီး သံသယပယ်ဖျောက်ကာ အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း ဒုတိယသမ္မတ လီယောင်ချောင်က ပြောသည်။

ဆက်လက်ပြီး တောင်အာရှနိုင်ငံများနှင့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များကလည်း သက်ဆိုင်ရာဒေသတွင်း နိုင်ငံများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပြသပြီး ခရီးသွားများအား ဆွဲဆောင်စေမည့် လုပ်ငန်းများ လုပ်ဆောင်နေမှုများ၊ စီးပွားရေးကိစ္စရပ်များ၊ မိမိတို့နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ အစရှိသည်တို့ကို ပြောကြားခဲ့သည်။

ယူနန်ပြည်နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အနောက်တောင်ဘက်ရှိ နယ်စပ်ဒေသတွင် တည်ရှိခြင်းနှင့် မြန်မာ၊ လာအို၊ ဗီယက်နမ် သုံးနိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိနေခြင်းတို့ကြောင့် နယ်စပ်ဂိတ်ပေါက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာ အလွန်ကောင်းမွန်သောနေရာဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲသို့ ပြည်နယ် ၃၇ ခုမှ ကုမ္ပဏီပေါင်း ၃၁၇၉ ခုဖြင့် ၇၅ နိုင်ငံမှ ပြသသူ ၂၀၀၀၀ ကျော် ပါဝင်ပြသပြီး တောင်အာရှ ရှစ်နိုင်ငံနှင့် အာဆီယံ ၁၀ နိုင်ငံတို့လည်း ပါဝင်ပြသခဲ့သည်။ ယင်းကုန်စည်ပြပွဲ၌ ပြည်တွင်း ပြည်ပမှ ရောင်းချသူနှင့်ဝယ်ယူသူ တစ်သိန်းကျော်ခန့် လာရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲကို ဇွန် ၁၂ရက်မှ ၁၆ ရက်ထိ ပြသမည်ဖြစ်ပြီး ပြပွဲတွင် မြန်မာနိုင်ငံမှလည်း စုစုပေါင်း ၃၅ ခန်း လူဦးရေ ၁၅၀ လာရောက်ပြသမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ခင်ဇာလီ**

**စာမျက်နှာ ၁၀ မှ**

(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ် နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်။

(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း ချေပခွင့်ပေးရမည်။

(င) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ထမ်းရွက်စေရန် မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

**(၄) ပုဒ်မ ၃၉၇။**

ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်။

ဒီပြဋ္ဌာန်းချက်တွေကို ပြန်လည်တင်ပြရတာကလည်း အလှမ်းကျယ်ပြီး အလယ်လပ်သွားခဲ့ရတယ်ထင်လို့ပါ။ ဒီဥပဒေ(မူကြမ်း)ကို လွှတ်တော်မှာ ဆွေးနွေးဆဲ ရပ်သွားတဲ့သမိုင်းကြောင်းတွေလည်း မှတ်တမ်းအသီးသီးရေးမှတ်ပြီးသားရှိပါတယ်။ တိုင်းကျိုးပြည်ပြု ဆောင်ရွက်ကြရာမှာ ကိုယ်လိုချင်တာကိုပဲ ရအောင်ယူပြီး ကိုယ်မလိုချင်တာ၊ ကိုယ့်ကိုထိမယ့်ရှမယ့်ဟာဆိုရင် ပြည်သူတို့ရဲ့ ရပိုင်ခွင့်ပင် ဖြစ်လင့်ကစား ပစ်ပယ်ထားတာဟာလည်း သမိုင်းမလှဘူးလို့ ထင်မိပါတယ်။ နောက်ပြီး ဥပဒေကြမ်းရေးဆွဲပေးဖို့ တာဝန်ရှိတဲ့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌအပေါ် ရည်ရွယ်ချက်ရှိရှိ ဝေဖန်တိုက်ခိုက်နေကြတာတွေလည်း မကြာခဏတွေ့နေရပါတယ်။ ကျေးဇူးရှိတဲ့ နိုင်ငံသူ၊ နိုင်ငံသား မဲဆန္ဒရှင်တွေရဲ့ ရပိုင်ခွင့် အခွင့်အရေးပေးကိုပေးရမယ်ဆိုတဲ့ သူ့ရဲ့စေတနာနဲ့ ရေးဆွဲတင်သွင်းတဲ့ဥပဒေကြမ်းကို ဘယ်သူကရပ်ထားတာလဲ။ ဘယ်သူတွေကပိတ်ပင်ထားတာလဲ။ အဲတော့ လွှတ်တော်ကြီးအားကောင်းလာတယ် အားကောင်းလာတယ်လို့ တစ်တီတူး ငှက်၊ ဇီးကွက်ငှက်နဲ့ တောက်တဲ့တို့လို ကိုယ့်ကိုယ်ကိုယ်ဖော် အော်နေမယ့်အစား ပြည်သူတွေရဲ့ ဝေဖန်သုံးသပ်ချက်တွေလည်း နားထောင်ကြပါဦးလား ခင်ဗျာ။ ပြည်သူအများစုကပြောနေကြတယ်။ လွှတ်တော်အားကောင်းလာတာ နှစ်ချက်ပဲရှိတယ်။ တစ်အချက်က အုပ်ချုပ်ရေးမဏ္ဍိုင်ကို ထိန်းညှိခြင်း (ချုပ်ကိုင်လိုခြင်း) တွေကိုပဲ အများဆုံးလုပ်နေပါသတဲ့။ နှစ်အချက်က လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်ရဲ့အခွင့်အရေးတွေကို ဦးစားပေးလုပ်နေပါသတဲ့။ ဂျာနယ်တွေ၊ ဖေ့စ်ဘုတ်တွေ ဖတ်ရင် ဒါတွေပဲ တွေ့နေရပါတယ်။ ပြည်သူတွေကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်အဖြစ် တကယ်ပဲ ဖြစ်ချင်တာလားခင်ဗျာ။ ဒါဆိုရင်တော့ ကိုယ့်ကို မဲပေးတင်မြှောက်ထားတဲ့ ပြည်သူကိုလည်း လေးစားသင့်တာပေ့ါ။

မနေ့က အင်တာနက်မှာတွေ့တဲ့ ဓမ္မသုတအပိုင်းအစကိုလည်း ဗဟုသုတရအောင်နဲ့ ဆင်ခြင်နိုင်အောင် မျှဝေလိုက်ပါတယ်-

- လူဆိုတာ -
- လောဘများလာရင် အရှက်မဲ့လာတယ်။
- ဒေါသများလာရင် အသိမဲ့လာပါတယ်။
- မောဟများလာရင် အမှန်တရားနဲ့ ဝေးသွားတယ်။

နောက်ဆုံးအနေနဲ့ တင်ပြချင်တာကတော့ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံကာ သမ္မတအုပ်ချုပ်တဲ့ပုံစံ ကျင့်သုံးပြီး နိုင်ငံတော်ကို ပုံဖော်လာတာ ငါးနှစ်ပြည့်ပါတော့မယ်။ သမ္မတပုံစံစနစ်ကနေ ပါလီမန်ဒီမိုကရေစီစနစ်ကို ပြန်ပြောင်းဖို့ ကြိုးစားကြတာ ဘယ်သူ့အတွက်လဲ၊ ပြည်သူ့အတွက်လား၊ တစ်ဦးတစ်ယောက်နဲ့ လူနည်းစုအတွက်ဆိုရင်တော့ သမိုင်းဆိုးကြီးဖြစ်လိမ့်မယ်။ ဗုဒ္ဓဘာသာဝင်တွေကတော့ ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်တယ်။ ပစ္စုပ္ပန်ကို တည့်တည့်ရှုပြီး ဝိပဿနာဉာဏ်ကို ရှာကြရတယ်လို့ဆိုတယ်။ ပစ္စုပ္ပန်ကို တည့်တည့်ရှုစေချင်တာလေးတစ်ခုက ဘယ်သူမှ ပြည်သူတို့ရဲ့ အခွင့်အရေးကို မပိတ်ပင်သင့်ပါ။ စိတ်မချလို့ အနာဂတ်မျိုးဆက်သစ်တွေ အတွက်လည်း စဉ်းစားပေးပါ။ ဒီစနစ်ကြီးမှာ ဘယ်သူမှ အမြဲတမ်းလွှတ်တော်ကိုယ်စားလှယ်၊ အမြဲတမ်းသမ္မတ၊ အမြဲတမ်းဝန်ကြီး၊ အမြဲတမ်းဝန်ကြီးချုပ်လုပ်ရမယ်လို့ မရှိပါဘူးနော်၊ ယုံပါ။ အချိန်တန်ရင် ပြည်သူဟာ ပြည်သူပါပဲ။ ဒါပေမယ့် မဲဆန္ဒရှင်ပြည်သူတွေကို ခါးသီးတဲ့၊ ဆင်းရဲတွင်းနက်မယ့် ဟန်ပန်စရိုက်လက္ခဏာတွေအပြည့်နဲ့ အမွေဆိုးဆိုရင်တော့ မပေးခဲ့ပါနဲ့ဗျာ။ နောက်ရက်တွေမှ လွတ်လပ်ရေးခေတ်ဦးက ပါလီမန်ဒီမိုကရေစီစနစ်အကြောင်း၊ အကွဲအပြဲအကြောင်း၊ နိုင်ငံတော်တည်ငြိမ်မှု ပျက်ပြားခဲ့ရတဲ့အကြောင်းတွေကို မှတ်တမ်းမှတ်ရာလေးတွေနဲ့ ဆက်လက်တင်ပြဖို့ ကြိုးစားပါဦးမယ်။

ကျွန်တော့်ရဲ့ ခြုံငုံသုံးသပ် တင်ပြချက်အပေါ် လွတ်လပ်စွာ ကွဲလွဲခွင့်ရှိပါတယ်။ ကျွန်တော်လည်း မဲဆန္ဒရှင်တစ်ဦးပါ။

## ခရီးသည် အပြိုင်ခေါ်မှုကြောင့် ခရီးသွားများအခက်ကြုံ

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်ဖွင့်လှစ်ပေးထားသည့် ရန်ကုန်မြောက်ပိုင်းခရိုင် ဒဂုံဧရာအဝေးပြေးဝင်း အတွင်းရှိယာဉ်လိုင်းများက တိုင်းဒေသကြီးအသီးသီးမှ မိဘပြည်သူ၊ ကျောင်းသား ကျောင်းသူများ ကုန်စည်ကူးသန်းသွားလာရေး အဆင်ပြေစေရန်အတွက် သတ်မှတ်နှုန်းထားနှင့် ခရီးသည်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များ အချိန်မှန်ဝင်/ထွက်ပြေးဆွဲနိုင်စေရန် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးနေမှုကြောင့် ခရီးသွားပြည်သူ၊ ရဟန်းသံဃာများသွားလာရေး အဆင်ပြေနေသည်။

သို့သော် ဒဂုံဧရာ အဝေးပြေးဝင်းဝင်ပေါက်၌ ဆီးကြိုစောင့်ဆိုင်းနေကြသည့် ခရီးသည် ကြိုလုပ်သားများက အမျိုးသား၊ အမျိုးသမီး၊ ရဟန်းမရှောင် အပြိုင်အဆိုင် လုယက်ခေါ်ယူနေခြင်းကြောင့် ခရီးသွားပြည်သူများ စိတ်ပျက်ဖွယ်အဖြစ်မျိုးနှင့် ကြုံတွေ့နေကြရ၍ သက်ဆိုင်ရာတာဝန်ရှိသူများက တာဝန်ယူကြပ်မတ် ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိသည်ဟု ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

## ပုသိမ်မြို့ ရွှေပြည်တော်အဆင့်မြင့် 3D ရုပ်ရှင်ရုံဖွင့်

**ပုသိမ် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရွှေပြည်တော်အဆင့်မြင့် 3D ရုပ်ရှင်ရုံဖွင့်ပွဲအခမ်းအနားကို ဇွန်၁၂ ရက် နံနက် ၈နာရီခွဲက ပုသိမ်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါ်ခင်စောမူက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ရုပ်ရှင်လောကနှင့်ပတ်သက်၍ သမိုင်းအကျဉ်းကိုပြောကြားကာ ရွှေပြည်တော် ရုပ်ရှင်ရုံ မန်နေဂျင်းဒါရိုက်တာ ဦးစိုးနိုင်(ဇွန်ပန်း)က ရုပ်ရှင်ရုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် 3D စနစ်ဖြင့် အက်ရှင်ပြကွက်များကို ၁၅ မိနစ်ကြာပြသခဲ့ကာ ဇွန် ၁၂ ရက်တွင် “ကျွန်မက နှင်းဆီပါမောင်” ရုပ်ရှင်ဇာတ်ကားကြီးကို စတင်ရုံတင်ပြသခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း)ဦးသန်းထွန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး၊ ရွှေပြည်တော်ရုပ်ရှင်ရုံဝန်ထမ်းများနှင့် ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

**မောင်စော(ပြန်/ဆက်)**


POST ဝင်ခွင့် သင်တန်းများ

ဒုရဲအုပ်ဝင်ခွင့်၊ ဗိုလ်လောင်းဝင်ခွင့်

၁၆၅ (ပထပ်) ဆိပ်ကမ်းသာလမ်း၊ အလယ်၊ ကျောက်တံတားမြို့နယ် ၀၉ ၄၂၀ ၁၂၉ ၃၃၃


**Open Tender ခေါ်ယူခြင်း**

၁။ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ ရုံးချုပ်တွင်လိုအပ်သော ရုံးသုံးစက်ကိရိယာများနှင့် အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် SMVTI(ရန်ကုန်)၊ ELPS(နေပြည်တော်)တို့တွင် လိုအပ်သော ရုံးသုံးစက်ကိရိယာများ၊ သင်ထောက်ကူပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ Open Tender ပုံစံများကို ၁၇-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင် ၁၀၀၀၀ိ-ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၃-၇-၂၀၁၅ ရက် နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အဆိုပါ ရုံးသုံးစက်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများအား သက်ဆိုင်ရာဒေသအရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆ နှင့် website ဖြစ်သော www.tvetmyanmar.org တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**

**သားအဖြစ်မှစွန့်လွှတ်ခြင်း**

ကျွန်တော် ဦးအာမက်ဘိုင်၏သားဖြစ်သူ မောင်အောင်နိုင်ဝင်း (၁၂/ပဘတ(နိုင်)၀၂၅၁၉၀)သည် မိဘများ၏ဆုံးမမှုများကို မနာခံသဖြင့် ယနေ့မှစ၍သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအားလုံး၀ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးအာမက်ဘိုင်(၁၀/မလမ(နိုင်)၁၅၂၂၅၃)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**




**ပြည်တွင်းရေးရာ**

# ဆယ်စုနှစ် နှစ်ခုအကြာက ရှုံးကြွေးပြန်ဆပ်နိုင်ခြင်းနှင့်အတူ သမိုင်းဝင် ရွှေဆုမှန်းမျှော်

**ရန်ကုန် ဇွန် ၁၃**

မြန်မာဘောလုံးအသင်းရဲ့ ရွှေရောင်အိပ်မက်တွေ ပြန်ပေါ်လာခဲ့ပြီ။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲလို့ အမည်ခေါ်တွင်ပြီးတဲ့နောက် အမြင့်ဆုံး ငွေတံဆိပ်ဆုနဲ့သာ ကျေနပ်ခဲ့ရတဲ့မြန်မာဘောလုံးအသင်းအတွက် ရွှေရောင်အနာဂတ်က ပြန်လည်လင်းလက်လာပြီပဲဖြစ်သည်။

လက်ရှိစင်ကာပူနိုင်ငံတွင် ကျင်းပနေသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းသည် အုပ်စုပွဲစဉ်များကို ရှုံးပွဲမရှိ အုပ်စုဗိုလ်အဖြစ်ဖြင့် ပြတ်ပြတ်သားသား တက်ရောက်နိုင်ခဲ့သလို ဇွန် ၁၃ ရက်တွင် ယှဉ်ပြိုင်ခဲ့သည့် ဗီယက်နမ်အသင်းနှင့် ပွဲစဉ်တွင်လည်း လွန်ခဲ့သော အနှစ်နှစ်ဆယ်က ခါးသီးစွာရှုံးနိမ့်ခဲ့မှုကို ပြန်လည်ချေဖျက်နိုင်ခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ထိုက်ထိုက်တန်တန် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းသွားခဲ့ပြီပင်ဖြစ်သည်။

လွန်ခဲ့သည့် အနှစ် နှစ်ဆယ်က ကစားသမားများအဖြစ်ဖြင့် ခါးသီးသော အရှုံးကို မချိတင်ကဲ ခံစားခဲ့ကြရသည့် ကြည်လွင်နှင့် သန်းတိုးအောင်တို့ လက်ရှိမျိုးဆက်သစ်တို့ဆီသို့ အကောင်းဆုံးသော အတွေ့အကြုံ၊ အကောင်းဆုံးသော စိတ်ဓာတ်အမွေ၊ အနိုင်ရယူစိတ်ပြင်းပြမှုတို့ကို လက်ဆင့်ကမ်းပေးအပ်ကာ နည်းပြ၊ အုပ်ချုပ်သူအဖြစ်ဖြင့်မြန်မာအသင်းကို အကောင်းဆုံးထိန်းကျောင်းနိုင်ခဲ့သည်ကိုတွေ့မြင်ရမည်ဖြစ်သည်။

၁၉၉၅ ခုနှစ် ဆီးဂိမ်းအကြိုဗိုလ်လုပွဲတွင် ယခုကဲ့သို့ ဗီယက်နမ်အသင်းနှင့် ကြုံတွေ့ခဲ့ရပြီး မြန်မာအသင်းမှာ အနီကတ်၊ အဝါကတ်များ ပလူပျံကာ ဗီယက်နမ်အသင်းကို ခါးသီးစွာ ရှုံးနိမ့်ခဲ့ရသည့်အဖြစ်သည် ကစားသမားများသာမက မြန်မာပရိသတ်ကြီး၏ ရင်ထဲတွင် နက်ရှိုင်းစွာ ခံစားနေရဆဲပင်။ ထိုစဉ်က ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ပါက ချန်ပီယံရွှေဆု အရယူနိုင်မည့် ခြေစွမ်းဖြစ်သော်လည်း ဒေသတွင်းတွင် မျက်နှာငယ်ခဲ့ရသည့် မြန်မာတို့အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းနောက်ပိုင်း မြန်မာဘောလုံးအသင်း၏ ခြေစွမ်းနိမ့်ကျသွားခဲ့ပြီး ပြိုင်ဘက်အသင်း များအပေါ် ခြိမ်းခြောက်နိုင်မှု လျော့ကျ သွားခဲ့သည်မဟုတ်ပါလား။

ယင်းသို့ နှစ်ပေါင်းများစွာအကြာ သက်တမ်းအလိုက် မျိုးဆက်သစ်တို့စဉ်ဆက်မပြတ် မွေးထုတ်နိုင်ခဲ့ခြင်းနှင့်အတူ မြန်မာလူငယ် ဘောလုံးအသင်း ကမ္ဘာ့ဖလား ယူ-၂၀ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ပြီဖြစ်သလို ယူ-၂၃ အသင်းသည်လည်း ဆီးဂိမ်းဗိုလ်လုပွဲသို့တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ယနေ့ယှဉ်ပြိုင်ကစားခဲ့သည့် အကြိုဗိုလ်လုပွဲ ဗီယက်နမ်နှင့်ပွဲတွင် ရင်တထိတ်ထိတ်ဖြင့် နိုင်ပါ့မလားဟုသော စိုးရိမ်စိတ်တို့ဖြင့် အားပေးခဲ့ကြရပြီး စင်ကာပူရောက် မြန်မာနိုင်ငံသားများကလည်း ကွင်းလုံးပြည့်လျှံ၊ မြန်မာနိုင်ငံ အမြို့မြို့အနယ်နယ်က ပရိသတ်များကလည်း သောသောညံ၊ မန္တလေးနှင့် ရန်ကုန်မြို့တွင် LED ဘုတ်ကြီးများရှေ့ မမောမပန်းနှင့် နေပူပူမိုးရွာရွာ မရှောင် အားပေးမှုများက စိတ်လှုပ်ရှားစရာ ကောင်းလွန်းလှသည်ပင်။ မြန်မာဟာ မြန်မာဆိုသည့်အတိုင်း စိတ်ဓာတ် အခြေခံကောင်းမွန်ခဲ့မှုတို့ကို ပြသနိုင်ခဲ့ပြီး ဘောလုံးကွင်းထဲ နိုင်ငံတော်သီချင်း သီဆိုနေချိန်တွင် ကစားသမားများနှင့်အတူ ပရိသတ်ကလည်း လိုက်ဆို၊ LED ဘုတ်ကြီးများရှေ့က ပရိသတ်များကလည်း လိုက်ဆိုနှင့် ယင်းမြင်ကွင်းကို တွေ့မြင်နေရသူအဖို့ ဝမ်းသာပီတိဖြစ်ကာ မျက်ရည်လည်ရသည်အထိ ခံစားမိကြသည်။

ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့်အခါ တစ်ချိန်က နာမည်ကျော်သီချင်း မြန်မာနိုင်ပြီကို ကြားရသည်။ "တိုင်းပြည်နှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးခဲ့ပြီ၊ မြန်မာနိုင်ပြီ တို့မြန်မာနိုင်ပြီ၊ တိုင်းပြည်ကပေး. . ပေးအပ်လိုက်တဲ့တာဝန်များ ကျေပွန်ပါပြီ" ဆိုသည့်သီချင်းက ယခုတင်မက ဗိုလ်လုပွဲကြီးတွင် အနိုင်ရကာ တစ်တိုင်းတစ်ပြည်လုံး သီဆိုချင်နေသော သီချင်းပင် ဖြစ်ပါသည်။

စင်ကာပူရောက် မြန်မာများက ဗိုလ်လုပွဲကြီးကို အားပေးရန် ဟန်ရေးတပြင်ပြင် ဖြစ်နေကြပြီ။ မြန်မာနိုင်ငံမှ ပရိသတ်ထုကြီးကလည်း LED ဘုတ်ကြီးများရှေ့တွင် အားပေးကြပေဦးမည်။

မြန်မာအသင်း အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားများအားလုံး သမိုင်းဝင် ရှုံးကြွေးကိုဆပ်နိုင်၍ ဗိုလ်လုပွဲ တက်လှမ်းနိုင်ခဲ့ခြင်းနှင့်အတူ တစ်ဖက်အုပ်စုမှ အနိုင်ရရှိသော ထိုင်းအသင်းကို အနိုင်ရယူကာ သမိုင်းတွင်မည့် ပထမရွှေတံဆိပ်ဆုကြီး အရယူရန် မြန်မာတစ်မျိုးသားလုံးက မျှော်လင့်ရင်ခုန်နေကြပြီ ဖြစ်ပါသည်။

**သတင်း-ဆုနှင်းလဲ့**
**ဓာတ်ပုံ-ခင်မောင်ဝင်း**



**ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံ၌ LED ဘုတ်မှတစ်ဆင့် မြန်မာ-ဗီယက်နမ်ဘောလုံးပွဲ ကြည့်ရှုအားပေးနေသော ပရိသတ်များ။**

## ဝမ်းသာလွန်းလို့ မျက်ရည်များတောင်လည်ရွာပြီ





(ဓာတ်ပုံ - ဘောလုံးအဖွဲ့ချုပ်)





(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ မြန်မာဘောလုံးအသင်းနှင့် ဗီယက်နမ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ပျဉ်းမနားမြို့ကန်တော်မင်္ဂလာခန်းမရှေ့ရှိ LED ဘုတ်မှ တိုက်ရိုက်ထုတ်လွှင့်ပြသလျက်ရှိရာ ဒေသခံပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးနေကြစဉ်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

SINGAPORE 2015 28th SEA GAMES

# မြန်မာယူ – ၂၃ဘောလုံးအသင်းယှဉ်ပြိုင်ကစားမှု အနယ်နယ်အရပ်ရပ်မှ ပြည်သူများLED ဘုတ်များမှတစ်ဆင့် ကြည့်ရှုအားပေး



(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီး ဖိုင်နယ်အဖြစ် မြန်မာယူ-၂၃အသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင် ကစားနေမှုကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ LED ဘုတ်ဖြင့် ပြသရာ ဘောလုံးပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြစဉ်။ ခင်မောင်ဝင်း

## ၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၇၈ | ၇၄ | ၅၉ | ၂၁၁ |
| ၂ | စင်ကာပူ | ၇၄ | ၆၅ | ၉၄ | ၂၃၃ |
| ၃ | ဗီယက်နမ် | ၆၅ | ၅၂ | ၅၅ | ၁၆၂ |
| ၄ | မလေးရှား | ၄၅ | ၄၃ | ၅၉ | ၁၄၇ |
| ၅ | အင်ဒိုနီးရှား | ၃၈ | ၄၇ | ၆၂ | ၁၄၇ |
| ၆ | ဖိလစ်ပိုင် | ၂၄ | ၃၂ | ၅၉ | ၁၁၅ |
| ၇ | မြန်မာ | ၁၁ | ၂၄ | ၂၈ | ၆၃ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၅ | ၈ | ၁၄ |
| ၉ | လာအို | ၀ | ၃ | ၁၉ | ၂၂ |
| ၁၀ | တီမော | ၀ | ၁ | ၁ | ၂ |
| ၁၁ | ဘရူနိုင်း | ၀ | ၀ | ၆ | ၆ |

## မြန်မာ ယူ၂၃ အသင်းနည်းပြချုပ် ဦးကြည်လွင်၏စကား -

"ဗိုလ်လုပွဲမှာ ဘယ်အသင်းနဲ့တွေ့ပါစေ၊ ပြင်ဆင်စရာရှိတာပဲ ပြင်ဆင်သွားမယ်။ ဒီနေ့နိုင်ပွဲအတွက် ကစားသမား အားလုံးကို ချီးကျူးပါတယ်။ အသင်းလိုက် စိတ်ဓာတ်က နိုင်ပွဲတွေအားလုံးရဲ့ သော့ချက်ပါပဲ။ တိုင်းပြည်က ပရိသတ်တွေ၊ ကွင်းထဲက ပရိသတ်တွေ အားလုံးကို ပျော်ရွှင်မှုပေးနိုင်လို့ ကျွန်တော် ပျော်ပါတယ်။ ဗီယက်နမ်အသင်းဟာ တကယ်ကောင်းတဲ့ အသင်းပါ။ သူတို့ကို နိုင်လိုက်တာ ကျွန်တော်တို့ ကစားသမားတွေအတွက် ပိုပြီးအားအင်ဖြစ် စေပါတယ်။ နားရက်တစ်ရက်မှာ ဗိုလ်စွဲဖို့ သေသေချာချာ ပြင်ဆင်ရပါမယ်။ နည်းပြဘဝမှာရော ကစားသမားဘဝမှာပါ စင်ကာပူမြေမှာ ဗိုလ်လုပွဲကစားရတာ တိုက်ဆိုင်မှုဆိုပေမယ့်၊ ကံတရားဆိုပေမယ့် ဒီနေ့ ကစားသမားတွေ အားလုံးကြိုးစားခဲ့ကြလို့သာ ဗိုလ်လုပွဲ ရောက်ခဲ့တာပါ။" (MFF)

## မန္တလေးမြို့တွင် မြန်မာ ယူ-၂၃ ဘောလုံးအသင်း ယှဉ်ပြိုင်ကစားမှုကို LED ဘုတ်မှ ကြည့်ရှုသူများဖြင့် အထူးစည်ကား

**မန္တလေး ဇွန် ၁၃**

(၂၈)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းပြလျက်ရှိသည့် မြန်မာ ယူ-၂၃ဘောလုံးအသင်း ယှဉ်ပြိုင်ကစားမှုများကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၃၅) လမ်းနှင့် (၇၁) လမ်းထောင့်ရှိ မဟာန္ဒယ်စဉ်အားကစားကွင်းအတွင်း ပေ ၃၀x၁၆ ပေ LED ဘုတ်ဖြင့် တိုက်ရိုက်ပြသသဖြင့် မန္တလေးဘောလုံးချစ်သူပရိသတ်များ၏ တစ်ခဲနက်အားပေးမှုဖြင့် အထူးစည်ကားလျက်ရှိသည်။ မဟာန္ဒယ်စဉ် အားကစားကွင်းအတွင်း ဘောလုံးချစ်သူပရိသတ်များက မြန်မာနိုင်ငံအလံများ၊ မြန်မာ ယူ-၂၃ ဘောလုံးအသင်း အင်္ကျီများ၊ မြန်မာအလံစတစ်ကာများဖြင့် ဘောလုံးကွင်းအတွင်း ကိုယ်တိုင်ကိုယ်ကျသွားရောက်အားပေးသည့်အလား အထူးစည်ကားစွာ အားပေးလျက်ရှိပြီး ဈေးရောင်းသူများဖြင့် အထူးစည်ကားနေကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**





(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဖြစ် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီးနောက် မြန်မာအသင်းမှ ဗီယက်နမ်အသင်းအား နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိသွားရာ တာချီလိတ်မြို့သူ မြို့သားများ အောင်မြတ်ခန်းမအတွင်း အောင်ပွဲခံလျက်ရှိစဉ်။

**မောင်ယဉ်ကျေး**



မကွေးမြို့ ဗိုလ်ချုပ်လမ်းနှင့် ပြည်တော်သာလမ်းထောင့်တွင် တည်ရှိသည့် LED ကြော်ငြာဘုတ်တွင် ပြသထားသည့် ဆီမီးဖိုင်နယ်တက်ရောက်ရန်အတွက် မြန်မာ-ဗီယက်နမ်ဘောလုံးပွဲအား မကွေးမြို့မှ ဘောလုံးချစ်ပရိသတ်များ နေပူထဲတွင် မြန်မာအသင်း အနိုင်ရရှိရေးအတွက် တစ်ခဲနက်အားပေးနေစဉ်။

**ညီညီမောင်**

## မူးယစ်အန္တရာယ် လူ့ရန်စွယ် တာကွယ်တိုက်ဖျက် လက်ချင်းဆက်

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်က နယ်မြေခံတပ်နှင့် လောက်ကိုင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ် မူကွာကျိုင်းကျေးရွာနှင့် ရွှေဆင်မြို့သစ်တို့အား ပိတ်ဆို့ရှာဖွေရာ ရွှေဆင်လမ်းသွယ်(၂)ရှိ ရန်ကော်ဘင်၏ နေအိမ်ခြံဝင်းအတွင်းရှိ မြေကြီးအတွင်းမှ အိုက်စ် ၉၆ ကီလို၊ အက်ဖီဒရင်းမှုန့် ၃၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား သိမ်းဆည်းရမိပြီး မူးယစ်တပ်ဖွဲ့စု(၂၁) ကွမ်းလုံသို့ လွှဲပြောင်းပေးအပ်သဖြင့် ရန်ကော်ဘင် (၄၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**ရန်ကော်ဘင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**ကလော**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေးစီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ဝက်ဖြူရေကျေးရွာနှင့် မကွေကျေးရွာကြား ငှက်ပျောတောအနီးတွင် ကလောမြို့ဘက်မှ မကွေကျေးရွာဘက်သို့ သန်းနိုင်ဦး မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀ သိမ်းဆည်းရမိသဖြင့် သန်းနိုင်ဦး (၂၃)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**တာချီလိတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု (၁၀၄) နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက် (၈)ကွက်သစ်နေ ကျရှော၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၀ နှင့် ဘိန်းစိမ်း သုည ဒသမ ၉ ကီလို တို့ကို သိမ်းဆည်းရမိသဖြင့် ကျရှော (၂၂) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**

❑




# မင်းဘူးမြို့တွင် လူတစ်ဦး ဓာတ်လိုက် သေဆုံး

**မင်းဘူး ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့တွင် ဇွန် ၁၁ ရက် ညနေပိုင်းက လူတစ်ဦးဓာတ်လိုက် သေဆုံးခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်မှာ ဝက်လက်မြို့နယ် နှမ်းကြီးကျေးရွာနေသူ သံပန်းစင်လုပ်သား ချစ်ကောင်း (၂၂) နှစ်သည် မင်းဘူးမြို့ မင်းဘူး-စကု ကားလမ်းဘေးရှိ ရွှေရောမိုဘိုင်းဖုန်းနှင့် အီလက်ထရွန်နစ် အရောင်းဆိုင်ရှိ ဈေးဆိုင်ဆိုင်းဘုတ်အား ပြုပြင်စဉ် အမြင့် ၁၅ ပေရှိ သံစင်ပေါ်တက်၍ ဖောက်စက်အသုံးပြုရန် ရွှေရောဆိုင်အတွင်းရှိ ဝါယာမှ Extension ကြိုးဖြင့်လျှပ်စစ်မီးအား ဖောက်ယူသုံးစွဲရာတွင် ကြိုးအား မီးတိပ်ပတ်ထားခြင်း မရှိသဖြင့် သွပ်မိုးနှင့်ထိ၍ လျှပ်စီးဝင်ကာဓာတ်လိုက်ပြီး ဆိုင်ခေါင်မိုးပေါ်သို့ ပြုတ်ကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# သဲသယ်ပို့သည့်ကားကြိတ်မိ၍ အမျိုးသားတစ်ဦးသေဆုံး

**ဂန့်ဂေါ ဇွန် ၁၃**

ဂန့်ဂေါမြို့နယ်တွင် ဇွန် ၁၂ ရက် နံနက်ပိုင်းက အမျိုးသားတစ်ဦး ကားကြိတ်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၁ ရက် ညပိုင်းက ယာဉ်မောင်း စိုးမြင့်ဦး (၄၄)နှစ် အောင်ဇေယျာ ရပ်ကွက် ကလေးမြို့နေသူသည် သဲများသယ်ပို့နေသော Lifam-DT ခြောက်ဘီးယာဉ်ဖြင့် သဲများသယ်ပို့ပြီး ပြန်လာစဉ် ဟားခါးမြို့မှ ဂန့်ဂေါမြို့သို့သွားရန် ကားအကြုံစီးလိုက်ပါလိုသည့် ဖိုးသားလေး (၃၉) နှစ် အောင်ချမ်းသာရွာ ကလေးမြို့နေသူနှင့် ဦးသိုက်မောင်း (၃၈)နှစ်တို့အား တင်ဆောင်ခဲ့သည်။ ထို့နောက် ဂန့်ဂေါ-ဟားခါးကားလမ်း၏ယာဘက်တွင် ကပ်၍ညအိပ်ရပ်နားခဲ့ပြီး စိုးမြင့်ဦးနှင့် ၎င်း၏အဖော်ဖြစ်သူ ဦးဘိုဦး (ခ)ဦးမြင့် စန်း (၄၉)နှစ်တို့မှာ ကားရှေ့ခန်းတွင်အိပ်၍ ဖိုးသားလေးနှင့် ဦးသိုက်မောင်းတို့မှာ ကား၏ဝမ်းဗိုက်အောက်မြေကြီးပေါ်တွင် ပိုက်ဖျာခင်း ၍ အိပ်ခဲ့သည်။

ဇွန် ၁၂ ရက် နံနက် ၄ နာရီခန့်တွင် စိုးမြင့်ဦးက ဂန့်ဂေါ မြို့ဘက်သို့ ယာဉ်အား မောင်းထွက်ခဲ့ရာ ကားအောက်တွင် အိပ်နေသည့် ဖိုးသားလေးအား ကား၏ယာဘက်နောက်ဘီးဖြင့် ကြိတ်မိ၍ ဒဏ်ရာများ ရရှိသေဆုံးခဲ့သဖြင့် ယာဉ်အားပေါ့ဆစွာမောင်းနှင်သူ စိုးမြင့်ဦးအား ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ခရီးသည်တင်ယာဉ် ချောက်အတွင်း ထိုးကျတိမ်းမှောက်၊ ခြောက်ဦးဒဏ်ရာရ

**နေပြည်တော် ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စမ်းစပ်ကျေးရွာအနီး မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ်(၅/၄-၅) ကြား နတ်ရေကန်ရှောင်ကွင်းလမ်းတွင် ဇွန် ၁၁ ရက် ညနေပိုင်းက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသိရသည်။

ဖြစ်ပွားပုံမှာမကွေးမြို့မှ အမ်းမြို့သို့ မကွေးမြို့ ရန်မျိုးနိုင်ရပ်ကွက်နေ မြင့်ကို(၄၈)နှစ် မောင်းနှင်လာသည့် အမ်း-မကွေး ယာဉ်လိုင်းမှ 7H/---- အဖြူရောင် ယာဉ်မှာ ဘရိတ်ပေါက်ပြီး အရှိန် မထိန်းနိုင်ဘဲ လမ်း၏ယာဘက် အနက် ပေ ၅၀ ခန့်ရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ထိုသို့ တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၁၀ ဦးအနက် ခြောက်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် မြင့်ကိုအား ငဖဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**

❑

# အထူးကျေးဇူးတင်ဝမ်းမြောက်ခြင်း

စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသော မြန်မာ့လက်ရွေးစင်(U-23) ဘောလုံးအသင်းအပါအဝင် အခြားသော အားကစားနည်းများ၏ မြန်မာပွဲစဉ်များကို မအားမလပ်သည့်ကြားမှ တစ်ခဲနက် အားပေးကြသော မြန်မာနိုင်ငံတွင်ရှိသော မြန်မာပရိသတ်ကြီး၊ စင်ကာပူနိုင်ငံတွင်ရှိသော မြန်မာပရိသတ်ကြီး၊ မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံသို့ လာရောက်အားပေးကြသော မြန်မာပရိသတ်ကြီးများအား မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့်လည်းကောင်း၊ အားကစားဝန်ကြီးဌာန အနေဖြင့် လည်းကောင်း အထူးပင်ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း။

**ပြည်ထောင်စုဝန်ကြီးနှင့်**
**အားကစားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ**

# ဘက်ထရီရှော့ခ်တိုက်ပစ္စည်းများနှင့် တရားမဝင်ငါးဖမ်းသူများအား ဖမ်းဆီးရမိ

**မြင်းခြံ ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဇွန် ၁၀ ရက်က တရားမဝင်ငါးဖမ်းရာတွင် အသုံးပြုသော ဘက်ထရီရှော့ခ်နှင့် ဆက်စပ်ပစ္စည်းများ၊ ငါးဖမ်းသူများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇွန် ၁၀ ရက်နှင့် ၁၁ ရက်တွင် ဧရာဝတီမြစ်ကြောင်းအတွင်း နေရာလေးနေရာမှ တရားမဝင် ဘက်ထရီရှော့ခ်တိုက်ကာ ငါးများဖမ်းဆီးနေသည့် (၁၄)တောင်စက်လှေ သုံးစင်း၊ (၁၅)တောင် စက်လှေတစ်စင်း၊ 3K ဘက်ထရီ ၄၀ အိုး တစ်လုံး၊ ၇၀ အိုးတစ်လုံး၊ ၁၀၀ အိုး နှစ်လုံး၊ KENBO (၇)ကောင်ခွဲအင်ဂျင် လေးလုံး ၊ဘက်ထရီရှော့ခ်ပုံးနှစ်လုံး ၊ဝါယာကြိုးတပ် ရှော့ခ်ပိုက်လေးခုနှင့်အတူ တောင်သာမြို့နယ် ဗွက်ကုန်းကျေးရွာနေ စိုးလင်း (၃၀)နှစ်၊ တောင်သာမြို့နယ် သာပေါင်းလေးကျေးရွာနေ ဖိုးဇော် (၂၀)နှစ်နှင့် ပေါက်ကျော် (၂၀)နှစ်၊ တောင်သာမြို့နယ် ဆင်ဖြူကျေးရွာနေ သိန်းတန် (၃၅) နှစ်၊ တောင်သာမြို့နယ် ရွာလေးကုန်းကျေးရွာနေ မောင်သန်းတိုး အောင် (၁၅)နှစ်နှင့် ဦးတင်မိုး (၄၀) နှစ်တို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖမ်းဆီးရမိသော စက်လှေများ၊ ဘက်ထရီရှော့ခ် ဆက်စပ်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး တရားမဝင် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းသူများကို မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

❖❖❖

# ဆေးလိပ်ကြောင့်ဖြစ်သော နှလုံးရောဂါ

à ကြည်လွင်မြင့်(မုဒြာ)

တစ်ခါက စားသောက်ပွဲတစ်ခုတွင် ရင်ဘတ်အောင့်သည်ဟုပြောပြီး ရုတ်တရက် လဲကျသွားသူ တစ်ဦးကို တွေ့ဖူးပါသည်။ နှလုံး တိုက်ခိုက်ခံရခြင်း (Heart Attack) ကြောင့် ဖြစ်ပါသည်။ ထိုသူမှာ ဆေးလိပ် အလွန်သောက်သူတစ်ဦး ဖြစ်ပါသည်။

ဆေးလိပ်တစ်လိပ်သောက်လိုက်တဲ့အခါ တိုင်း လူ့ခန္ဓာကိုယ်တွင်ရှိသော သွေးကြောများ ကျဉ်းသွားသည်။ သွေးကြော အကြီးအသေး အခက်အလက်များအထိ ဆွဲဆန့်လျှင် မိုင် နှစ်ရာခန့်ရှိ သည်ဟုဆိုသည်။ မယုံနိုင်စရာ။ ဆေးလိပ်ထဲမှာပါသော ကြပ်ခိုးကြောင့် ထို သွေးကြောကလေးများ ကျဉ်းသွားသည်။

ဆေးလိပ်တစ်လိပ်သောက်လိုက်တိုင်း သွေးကြောများ ကျဉ်းသွားသည်မှာ ၄ နာရီ အထိ အချိန်ကြာသည်ဟုဆိုသဖြင့် အကယ်၍ သာ ဆေးလိပ်ဖြတ်လိုက်လျှင်၊ မသောက်ပဲနေ လိုက်မည်ဆိုလျှင် ဆေးလိပ်ဖြတ်ပြီး ၄ နာရီ ကြာလျှင် ကျဉ်းနေသော သွေးကြောလေးများ ပြန်ကျယ်လာမည်။ သွေးစီးဆင်းအား၊ သွေး လျှောက်အား ပြန်ကောင်းလာမည်ဟု ဆိုနိုင်ပါ သည်။

ဆေးဂျီးတွင်ပါသော (နီကိုတင်) ဓာတ် ကြောင့် အလွယ်တကူမြင်သာအောင် ပြော

**အမျိုးသမီးများ ဆေးလိပ်သောက်သည်မှာ အလှအပစတိုင်လုပ်သောက်ရာမှ စွဲသွားခြင်းဖြစ် . . .**

ရလျှင် ကြပ်ခိုးကြောင့် ကျဉ်းသွားသော သွေးကြောမကြီးများမှာ ပြန်၍ကျယ်ပြန့်ရန် လွယ်ကူသော်လည်း အခက်အလက် အစွန် အဖျားရှိ သွေးကြောလေးများမှာ ပြန်ပြီး ကျယ်ပြန့်ရန် မလွယ်ကူပါ။ အချို့အစွန်အဖျား ရှိသွေးကြောငယ်လေးများ (ဥပမာ ခြေသန်းသို့ သွားသော သွေးကြောငယ်လေး)မှာ ပိတ်သွား ပြီး မသိမသာကိုက်လာရာမှ သတိပြုမိသော အခါတွင် ခြေချောင်းကလေးမဲနေသဖြင့် ဆေးရုံတက်၊ ဓာတ်မှန်ရိုက်ပြီး ခြေချောင်း ကလေးများဖြတ်လိုက်ရသည့် ဘဝရောက်သူ များလည်းရှိပါသည်။ ဆေးလိပ်အသောက်များ ၍ ခြေသန်းကလေးတစ်ချောင်း ဖြတ်ရသူ တစ်ဦးကို တွေ့ဖူးပါသည်။ ခြေသန်းသည် ခြေထောက်တစ်ခုလုံးနှင့် စာလျှင် ဘာမှအသုံး မဝင်ဟု ထင်စရာရှိသော်လည်း မရှိသောအခါ၊ ပြတ်သွားသောအခါ အလွန်ကြည့်ရဆိုးပါ သည်။ ထို့ထက်ပို၍ဆိုးသည်မှာ ထိုခြေချောင်း ကလေးဖြတ် ရသူမှာ အမျိုးသမီးတစ်ဦး ဖြစ် နေသောကြောင့်ပင်။

အမျိုးသမီးများ ဆေးလိပ်သောက်သည်မှာ မြန်မာပြည်တွင် ရှားရှားပါးပါးဖြစ်သော်လည်း အနောက်တိုင်းတွင် အလွန်သောက်သည်။ ဆိုရှယ်ကျ၍ အလှအပစတိုင်လုပ်သောက် ရာမှ စွဲသွားခြင်းဖြစ်နိုင်သည်။ ဆေးလိပ် ကြောင့် သွေးကြောကျဉ်းရာတွင် အမျိုးသမီး များက ပို၍ကျဉ်းပြီး ပိတ်လွယ် သည်။ သူတို့ ၏သွေးကြောများမှာ ပို၍သေးသွယ်ပြီး နုနယ် သောကြောင့် ကျဉ်းလွယ်ပိတ်လွယ်ခြင်း ဖြစ် သည်။

ဆေးလိပ်ကြောင့် အစွန်အဖျားသွေးကြော ငယ်လေးများကျဉ်းရာတွင် ဒုက္ခအပေးဆုံးမှာ နှလုံးသွေး ပတ်ကြောများ (Coronary Arteries) ကျဉ်းသွားခြင်းပင် ဖြစ်သည်။ သေ သည့်အချိန်အထိ အနားမရသူမှာ နှလုံးပင် ဖြစ်သည်။ အမြဲတမ်း စည်းချက်ဝါးချက်မှန်မှန် ခုန်နေသည်။ လူကအနားယူပြီး အိပ်ပျော်နေ သော်လည်း သူ့နှလုံးက အနားမရ၊ ခုန်နေမြဲပင် ဖြစ်သည်။ နှလုံးနားရချိန်မှာ သူ့ခုန်ချက် တစ်ခု နှင့် တစ်ခုအကြား တစ်စက္ကန့်၏ ၁၀ ပုံ တစ်ပုံ ခန့် အချိန်ကလေးသာရှိသည်ဟုဆိုသည်။ နှလုံးခုန်ခြင်း လုံးဝရပ်သွားချိန်မှာ လူသေချိန် ဖြစ်လေသည်။

လူ့ခန္ဓာကိုယ်တစ်ခုလုံးအတွက် အသက်ရှင် နိုင်ရေးလုံလောက်အောင် သွေးပို့ပေးဖို့မှာ နှလုံး၏ တာဝန်ဖြစ်သည်။ နှလုံးမှညှစ်ထုတ် လိုက်သော သွေးလက်တစ်ခုပ်စာခန့်သည် ဖိအားညှစ်အားကြောင့် တစ်ကိုယ်လုံးရှိ မိုင် နှစ်ရာခန့်ရှိသော သွေးကြောကြီးငယ်များမှ အခက်အလက် အစွန်အဖျားအထိ ရောက် သွားသည်။ ထိုသွေးရဲရဲတို့ရှိ သွေးနီဥများ သည် လူ့ခန္ဓာကိုယ်အတွက် လိုအပ်နေ သော အောက်ဆီဂျင်များကို သယ်ဆောင်သွား ကြသည်ဟု သွေးဗေဒပညာရှင်များက ပြောကြ သည်။ လူ့ခန္ဓာကိုယ် တစ်ခုလုံးရှိ ဆဲလ်များ၏ လိုအပ်ချက် အသက်ရှင်နိုင်ရေးဓာတ်စာမှာ ‘အောက်ဆီဂျင်’ပင် ဖြစ်သည်။ ထို အောက်ဆီဂျင်ကို သယ်ဆောင်ပို့ပေးသူမှာ နှလုံးမှညှစ်ထုတ်လိုက်သော သွေးပင်ဖြစ် သည်။ သွေးမရောက်သောနေရာများမှာ အောက်ဆီဂျင်ပြတ်ပြီး ကလပ်စည်း(Cell) များ သေပြီးနောက် ပုပ်သွားတတ်လေသည်။

ခြေချောင်းကလေးသို့ သွေးမရောက်သော အခါ ပုပ်သွားပြီး ဖြတ်လိုက်ရသည်ကို မြင်နိုင် သော်လည်း ဦးနှောက်သို့ သွေးမရောက် သောအခါ ဦးနှောက်၏အစိတ်အပိုင်းအချို့ သေသွားပုပ်သွားပြီး အလုပ်မလုပ်တော့ သော အစိတ်အပိုင်းအခြမ်းကို လေဖြတ်သွား သည်ဟု ခေါ်သည်။ ၎င်းအစိတ်အပိုင်းကို အပြင်မှမမြင်ရသော်လည်း ဦးနှောက်၏ ညာဖက်အခြမ်း သွေးမရောက်၍ ပုပ်သွား သောအခါတွင်လည်း လူ၏ဘယ်ဘက်အခြမ်း မလှုပ်နိုင်၊ လေဖြတ်သွားရသည်။

ဦးနှောက်၏ဘယ်ဘက်အခြမ်းတွင် သွေးခဲ ပိတ်ခြင်း၊ သွေးကြောပေါက်ခြင်းတို့ကြောင့် သွေးထောက်ပံ့မှုမရသောအခါတွင် အထူး သဖြင့် စကားပြောဆိုမှု အစိတ်အပိုင်း (Speak Centre)ကို ထိခိုက်သဖြင့် ညာခြမ်း လေဖြတ်သူများမှာ စကားမပီခြင်း၊ အချို့ လုံးဝစကားမပြောနိုင်တော့ခြင်းဖြစ်နိုင်သည်။

အဓိကသွေးထောက်ပံ့သူမှာ ‘နှလုံး’ပင် ဖြစ် သည်။ ထိုနှလုံးကိုယ်တိုင်ကလည်း သွေး ထောက်ပံ့မှုရမှ အသက်ရှင်နိုင်မည်။ နှလုံးပုံကို ကြည့်လျှင် လူကြီးလက်သီးဆုပ်ပမာဏခန့် ရှိပြီး ထိုနှလုံးအပြင်တွင် သစ်မြစ်များယှက်နွယ် သကဲ့သို့ ရစ်ပတ်နေသော နှလုံးပတ်သွေး ကြောကို တွေ့ရမည်ဖြစ်လေသည်။ ထို နှလုံးပတ်သွေးကြောများ (Coronary Arteries)ကပင် နှလုံးကို သွေးထောက်ပံ့ ပေးနေခြင်း ဖြစ်သည်။

ဆေးလိပ်သောက်သူများတွင် တိုက်ရိုက် ထိခိုက်မှုအခံရဆုံးမှာ အဆုတ်ဖြစ်သည်။ အဆုတ်ပြီးလျှင် နှလုံးသွေးကြောအဖွဲ့ ဖြစ် သည်။ အဆုတ်မှ အောက်ဆီဂျင်ရှူသည့် လေ အိတ်အတွင်းသို့ ဆေးလိပ်မီးခိုးများဝင်လာ သည့်အခါ အောက်ဆီဂျင်အပြည့်အဝ မရ။ ဆေးဂျီး၊ ကတ္တရာများက အဆုတ်လေအိတ် များတွင် ကပ်ငြိကျန်ခဲ့သည်။ ဆေးဂျီးကြောင့် အဆုတ်မှတစ်ဆင့် နှလုံးသို့ပို့သော သွေးကြော မှာပါ ကျဉ်းမြောင်းလာသည်။

နှလုံးကို ပတ်နေသောသွေးကြောများ ကျဉ်း မြောင်းလာသောအခါ နှလုံး၏သွေးငတ်နေ သော ဝေဒနာကို စူးအောင့်ခြင်းဖြင့် ဖော်ပြ လေ့ရှိသည်။ အချို့မှာစကားပြောနေရင်း၊ အစာစားနေရင်း ဘယ်ဘက်ရင်ထဲမှ စူးကနဲ ထိုးသွားသည်ဟု ပြောကြသည်။ နှလုံးသွေး ငတ်နေကြောင်း သတိပေးချက်ပင်ဖြစ်ပါ သည်။ ထိုသို့ နှလုံးမှ အချက်ပြနေလျှင် ဆေးလိပ်သောက်သူဖြစ်လျှင် ဆေးလိပ် ဖြတ်ဖို့ အချက်ပြနေခြင်းပင် ဖြစ်ပါသည်။

နှလုံးအထူးကု ဆရာဝန်ကြီးတစ်ဦး က စာရေးသူကို သတိပေးဖူးပါသည်။ “ခင်ဗျား . . . ခြေနှစ်ချောင်းတွေ၊ ခြေလေးချောင်းတွေ၊ အဆီခဲတွေ ဘယ်လိုပဲ မစားဘူး ရှောင်တယ်ပြောပြော . . . ဆေး လိပ်မပြတ်လို့ကတော့ ဘာမှမထူးဘူး . . . နှလုံးသွေးကြောကျဉ်းပြီး တစ်နေ့ဒုက္ခရောက် မှာဘဲ . . . ’ မှန်ပါသည်။ စာရေးသူ ကိုယ်တိုင်နှလုံးအောင့်လာသဖြင့် ဆေးရုံ တက်ပြီး နှလုံးသွေးကြောဓာတ်မှန်ကြီး (Angiogram) ရိုက်ကြည့်သည့်အခါ နှလုံး ပတ်သွေးကြောကြီး တစ်နေရာတွင် ၄၀ မှ ၅၀ ရာနှုန်းကျဉ်းနေသည်ကို ဓာတ်မှန်ပုံ နှင့်တကွ တွေ့ရပါသည်။ ၇၀ ရာနှုန်းကျော် ကျဉ်းလျှင် နှလုံးသွေးကြောထောက်ကိရိယာ (Stem)ထည့်ရတော့မည်ဖြစ်ပါသည်။ ကုန်ကျ ငွေမှာလည်း သိန်းဆယ်ဂဏန်းများစွာ ကုန်ကျ ပါလိမ့်မည်။

နှလုံးအောင့်ရောဂါရနေသူသည် ဆေး လိပ်သောက်သူဖြစ်ပါက အမြန်ဆုံးချရမည့် ဆေးချက်မှာ ‘ဆေးလိပ်ဖြတ်ခြင်း’ ပင်ဖြစ်ပါ သည်။ နှလုံးအောင့်ရောဂါသောက်ဆေးများ၊ အရေးပေါ်ငုံဆေးများ မည်မျှပင်စွမ်းနေပါ စေ။ ဆေးလိပ်မဖြတ်လျှင် မသက်သာနိုင်ပါ။ အဓိကအကျဆုံးအချက်ကို အရင်ဆုံး လုပ် ဆောင်ပါ။ စိတ်ပြတ်အောင်ကြိုးစားပါ။

နိုင်ငံကြီးတော်တော်များများတွင် ဆေးလိပ် မသောက်ရေးနေ့သာမက ဆေးလိပ်ငွေ့ ကင်းစင်ရေးကိုပါ ကြိုးစားနေကြသည်ဟု သိရပါသည်။ ဆေးလိပ်သောက်သူ၏ မှုတ် ထုတ်လိုက်သော ဆေးလိပ်ငွေ့ . . . လေထဲ မှာလွင့်လာပြီး တစ်ဆင့်ခံရှူရှိုက်မိသူကိုပါ နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါများ ရလာစေနိုင်သည်ဟုဆိုပါသည်။ ကိုယ်တိုင် သောက်သူများမှာ လွန်ကဲလျှင် ဆေးဂျီး၊ ကတ္တရာများကြောင့် အဆုတ်ကင်ဆာဖြစ်သူ များစွာ ရှိလာပါသည်။

လူတစ်ယောက်မှာ ကျောက်ကပ်နှစ်ခု၊ အဆုတ်နှစ်ခုပါသော်လည်း နှလုံးမှာ တစ်ခု တည်းသော အသက်သွေးဆက် ကိရိယာပင် ဖြစ်ပါသည်။ ထိုကိရိယာအတွက် သွေး ထောက်ပံ့မှုပေးနေသော သွေးကြောကလေး များ မကျဉ်းစေရန်အတွက် အဆီခဲ၊ အဆီ ဆိုးများ ရှောင်ရန်လိုအပ်သည်။ လမ်းလျှောက် ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းများလည်း လိုအပ်သည်။ ထို့ထက်ပို၍ လိုအပ်သည်မှာ ‘ဆေးလိပ်မသောက်ဖို့’ ဆေးလိပ်မီးခိုးအငွေ့ များကို ရှောင်ရှားဖို့ပင် ဖြစ်ပါတော့သည်။


**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**
**ရွှေမှိုက်ထုတ်လုပ်ငန်းဆောင်ရွက်ရန်ဈေးပြိုင်အဆိုပြုလွှာခေါ်ယူခြင်း**

၁။ ရွှေတိဂုံစေတီတော်ပစ္စယာနှင့် ရှစ်မြောင့်ဧရိယာများကို ၂၀၁၄-၂၀၁၅ခုနှစ်တွင် ရွှေသက်န်းတော်ကပ်လှူခဲ့ပြီး ရရှိသော ရွှေချွတ်မှိုက်၊ ချမှိုက်များအား ဂေါပကအဖွဲ့၏ စောင့်ကြည့် ကြီးကြပ်မှုဖြင့် ရွှေမှိုက်ထုတ်ခြင်း (ရွှေစင်ရွှေသားပြန်လည်ထုတ်ခြင်း) လုပ်ငန်းကို ဆောင်ရွက် မည် ဖြစ်ပါသည်။

၂။ အထက်ပါ ရွှေမှိုက်ထုတ်လုပ်ငန်းဆောင်ရွက်လိုသူများသည် ၁၅-၆-၂၀၁၅ ရက် မှ ၁၉-၆-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး၊ ရွှေနှင့်ရတနာဌာန၌ အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင်-၁၀၀၀၀/- (ကျပ် တစ်သောင်း)နှုန်းဖြင့် ဝယ်ယူပြီး လုပ်ငန်းအတွေ့အကြုံအထောက်အထားများကို ၂၉-၆-၂၀၁၅ရက်၊ မွန်းတည့်၁၂ နာရီတွင် ပထမဦးစွာတင်သွင်းရပါမည်။

၃။ လုပ်ငန်းဆောင်ရွက်သူက ရရှိသည့်ရွှေစင်ရွှေသား ဒိသားလျှင် လုပ်အားခမည်မျှ ရလို သည်ကို အဆိုပြုလွှာနှင့်အတူ လုပ်ငန်းအာမခံငွေကို ၁-၇-၂၀၁၅ (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍တင်သွင်းရန်ဖြစ်ပါသည်။ ရွှေမှိုက်ထုတ်လုပ်ငန်းအတွက် လိုအပ် သောလုပ်ငန်း သုံးပစ္စည်းများအား ဂေါပကအဖွဲ့မှထောက်ပံ့ပေးမည်ဖြစ်ပါသည်။

၄။ ၁-၇-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁ နာရီတွင် ဈေးနှုန်းအဆိုပြုလွှာ စိစစ်ရွေးချယ် သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင်စုံစမ်းနိုင်ပါ သည်။ ဖုန်း-၀၁-၃၇၅၇၆၇၊ ၀၉-၃၈၃၅၀၃၊ ၀၉-၇၃၂၄၄၁၄၇

**ဂေါပကအဖွဲ့**



**ဂုဏ်ယူဝမ်းမြောက်ခြင်း**

၂၀၁၄-၂၀၁၅ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် အင်္ဂလိပ်စာ အပါအဝင် ထူးချွန်စွာ ဂုဏ်ထူးအောင်ပန်း ဆွတ်ခူးရရှိသော တပည့်များ အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | မရတနာဦး | ဆဗဟ-၄၇၄ | -All D |
| ၂။ | မရတနာထူး | ဆဗဟ-၁၇၉ | -All D |
| ၃။ | မသီရိ | ဆဗဟ-၃၂၂ | -All D |
| ၄။ | မအိဝတီအောင် | ဆဗဟ-၄၁၇ | -All D |
| ၅။ | မနွေးနွေးယုယဇော် | ဆလတ-၂၃ | -All D |
| ၆။ | မောင်အောင်ဖုန်းမင်း | ဆကရ-၇၁၉ | -All D |
| ၇။ | မောင်သော်လင်းထွန်း | ဆကရ-၆၈၄ | -5D |
| ၈။ | မပွင့်ဇာခြည်ဦး | ဆလမ-၅၆၉ | -5D |
| ၉။ | မသွယ်ထူးစံသန်းထိုက် | ဆဗထ-၃၇၆ | -5D |

ဆရာဦးရည်ဆန်းမွန်(အင်္ဂလိပ်စာ)
**M.A (English),Dip ELTM**
၀၁-၆၄၆၈၇၄၊ ၀၉-၅၀၈၄၄၈၆



**ဝန်ထမ်းအလိုရှိသည်**
**(လမ်း၊ တံတား၊ စီမံကိန်းများတွင် တာဝန်ထမ်းဆောင်ရန်)**

1. Chief Engineer (လမ်း/တံတား) (၁)ဦး
   - BE (Civil)
   - အသက်(၄၅)နှစ်မှ (၆၀)အတွင်း
   - လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁၅)နှစ်
   - လစာ (၂၅)သိန်း++
2. Project Engineer (လမ်း/တံတား) (၁)ဦး
   - BE (Civil)
   - အသက်(၃၅)နှစ်မှ (၅၀)အတွင်း
   - လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁၀)နှစ်
   - လစာ (၂၀)သိန်း++
3. Site Engineer (လမ်း/တံတား) (၂)ဦး
   - BE (Civil)
   - အသက်(၂၅)နှစ်မှ (၃၅)အတွင်း
   - လုပ်ငန်းအတွေ့အကြုံ(၅)နှစ်
   - လစာ (၁၀)သိန်း++
4. Junior Engineer ကျား/မ (၁၀)ဦး
   အသက်(၂၅)နှစ်မှ (၃၅)အတွင်း
   လစာ-ညှိနှိုင်း
5. နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

အလုပ်လျှောက်ထားလိုသူများသည် မိမိတို့၏ တစ်လအ-တွင်း ရိုက်ထားသော Passport ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင် မိတ္တူတို့နှင့်အတူ ရုံးချိန်အတွင်း အောက်ပါလိပ်စာနှင့် Email Address တို့တွင် လျှောက်ထားနိုင်ပါသည်။

အမှတ် (၂၀)၊ ဘောက်ထော်ဘုတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၅၉၃၇၁၉၉၊ ၀၉-၄၂၅၀၀၈၄၈၅
Email-mawzawwin @gmail.com






**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်-၇၊ ဇေယျာသီရိလမ်း ဒေါ်ခင်မေဦး [၁၂/ကမန(နိုင်) ၀၃၇၈၆၄] ပိုင်ဆိုင်သော (၇)လွှာ ဒါဘာတိုက်ခန်းအား ဦးကျော်ကျော်နိုင် [၁၂/လမန(နိုင်) ၀၁၇၈၉၆]မှ ၉-၆-၂၀၁၅ ရက်တွင် ဝယ်ယူထားရှိပြီးကြောင်းနှင့် ၎င်း တိုက်ခန်းအား ကန့်ကွက်မည့်သူရှိပါက (၇)ရက်အတွင်းခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့် ဦးကျော်ကျော်နိုင်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးကျော်ကျော်နိုင်
၀၉-၅၀၈၁၃၀၅၊
၀၉-၂၅၄၀၅၆၄၈၆



မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ သဲဖြူစမ္မစကူးလ်မှ ဂန္ဓဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တနရပတိအား အမှူးထား၍ ဓမ္မစကူးလ်အောင်မြင်ရေး အကျိုးတော်ဆောင်များနှင့်အခမဲ့ကွန်ပျူတာသင်တန်းသား၊ သင်တန်းသူများ ပေါင်းစု၍ ဇွန် ၁၀ရက်နံနက် ၇နာရီက ငါန်းဇွန်မြို့ အမှတ်(၁) ရက်ကွက်ရှိ အင်းဝကျောင်းတိုက် သက်တော်ရှည် ဆရာတော် ဘဒ္ဒန္တသုဘောဂအား ပူဇော်ကန်တော့ကြပြီး လေးဆူမြတ်စွာဘုရားဝင်းအတွင်း သန့်ရှင်းရေးနှင့် ကျောင်းဝင်းအတွင်း၌ အရိပ်ရသစ်ပင်များစိုက်ပျိုးခြင်း ကုသိုလ်ပြုခဲ့ကြသည်။ ယင်းနောက်မြသိန်းတန်စေတီတော်မြတ်ဝင်းအတွင်း၌ ချုံနွယ်မြက်များ ရှင်းလင်းခြင်းကို ကုသိုလ်ပြု ဆောင်ရွက်ကြသည်။သတင်းနှင့်ဓာတ်ပုံ -သက်နောင်ဦး(ငါန်းဇွန်)

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားကျင်းပ

**မြင်းခြံ ဇွန် ၁၃**

ဇွန် ၁၀ ရက် နံနက် ၉ နာရီက မြင်းခြံမြို့ အမှတ် (၂) ရပ်ကွက်ရှိ စုဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေး အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံက အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းက သမဝါယမလုပ်ငန်းဆိုင်ရာ များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းလှိုင်က ချေးငွေများနှင့် ပတ်သက်၍ လည်းကောင်း၊ မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က မြင်းခြံခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက မြင်းခြံမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၁၅၇ သင်းမှ အသင်းသား ၂၀၀၀၈ ဦး အတွက် ထုတ်ချေးငွေကျပ် ၂၁၄၆ ဒသမ ၁၀ သန်းကို မြင်းခြံမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်သို့လည်းကောင်း၊ တောင်သာမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၁၂၂ သင်းမှ အသင်းသား ၁၀၂၀၇ ဦး အတွက် ချေးငွေကျပ် ၁၁၇၂ ဒသမ ၅၀ သန်းကို တောင်သာမြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးပြေအေးသို့လည်းကောင်း ပေးအပ်ခဲ့သည်။

နွားထိုးကြီးမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၁၀၀ မှ အသင်းသား ၆၇၉၀ အတွက် ထုတ်ချေးငွေကျပ် ၆၉၉ ဒသမ ၆၅ သန်း ကို နွားထိုးကြီး သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းထွန်းသို့လည်းကောင်း၊ ငါန်းဇွန်မြို့နယ်အတွင်းရှိ သမဝါယမအသင်း ၁၀၄ သင်းမှ အသင်းသား ၄၈၅၇ ဦးအတွက် ထုတ်ချေးငွေကျပ် ၄၇၄ ဒသမ ၉၆ သန်းကို ငါန်းဇွန်မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်ကျော်သို့လည်းကောင်း ပေးအပ်ခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌမှ မြင်းခြံခရိုင်အတွင်းရှိ သမဝါယမအသင်းများသို့ အခြားကုမ္ပဏီများမှ ထွန်စက် ၄၅ စီး၊ လယ်ယာသုံး၊ လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုးအတွက် တန်ဖိုးငွေကျပ် စုစုပေါင်း ၄၄၀ ဒသမ ၉၄၉ သန်းကို မြင်းခြံမြို့နယ် သမဝါယမ အသင်းစုအတွင်းသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ သမဝါယမအသင်းသားများသို့ ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီမှ စက်ပစ္စည်းကိရိယာများ ဝယ်ယူရန် တန်ဖိုးငွေကျပ် ၁၂၃ ဒသမ ၇၀၉ သန်းကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူးမှ မြင်းခြံမြို့နယ်သမဝါယမအသင်းစု အမှုဆောင်တစ်ဦးသို့လည်းကောင်း ပံ့ပိုးပေးအပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ အခြေခံသမဝါယမအသင်းသားများသို့ ထုတ်ချေးပေးနိုင်မှုစုစုပေါင်းမှာ မြို့နယ်ပေါင်းလေးမြို့နယ် သမဝါယမအသင်းပေါင်း ၅၄၆ သင်း၊ အသင်းသား ၄၁၉၄၈ ဦးအတွက် ထုတ်ချေးငွေကျပ်သန်းပေါင်း ၅၉၃၀ ဒသမ ၀၁၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးအောင်ဇံ၊မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌဦးထွန်းလှိုင်၊ မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ နွားထိုးကြီးမြို့နယ် ၊ ငါန်းဇွန်မြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ အပါအဝင်သမဝါယမ အသင်းသား ၃၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်သော မူကြိုကျောင်းတွင် မူကြိုကလေးများအား အာဟာရတိုက်ကျွေး

**မြန်အောင် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကဖွင့်လှစ်သော မူကြိုနေ့ကလေးထိန်းကျောင်းမှ ကလေးငယ်များကို ဇွန် ၁၁ ရက်က ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းငွေးနှင့်ဇနီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်သန်းတို့က အာဟာရတိုက်ကျွေးပြီး မူကြိုကလေးငယ်များ၏ စွမ်းရည်ပြသမှုကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။



ယင်းနောက် ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းငွေးနှင့် မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းတို့က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မြေနေရာ၏ မြေငှားဂရမ်ကိုပေးအပ်ရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်းသိရသည်။ **ဝင်းဗိုလ်(မြို့နယ်ပြန်/ဆက်)**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ယာဉ်မင်းအောင်/၇၆၅၈ ကုန်တင်ရေယာဉ်၏ မူလပိုင်ရှင် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့ စည်ပင်သာယာရပ်နေ ဦးပေါ်(YSO-၀၇၉၃၅၅)ထံမှ ဝယ်ယူပြီးကြောင်း စာချုပ်စာတမ်းအထောက်အထားများတင်ပြ၍ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ (၄)လမ်း၊ ဒုတိယထပ်၊ အမှတ်(၂၅)နေ ဦးသက်ဟိန်းအောင်[၁၂/လမတ(ဧည့်)၀၀၁၀၆၃]နှင့် ဒေါ်ဆွေဇင်ယု [၁၄/ဝခမ(နိုင်)၀၁၅၀၆၆]တို့မှ ရေယာဉ်ပိုင်ရှင်အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။

၂။ အဆိုပါလျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန်ထရိုက်တာဦးမင်းအောင်[၁၀/ဘလန(နိုင်)၀၁၀၆၂၄] လမင်းဝင်းဆောက်လုပ်ရေးနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေဖူးမျှော်လမ်း၊ အမှတ်(၁၀)၊ မြေပိုင်ရှင်ဦးမြဝင်း၏ မြေကွက်ပေါ်တွင် အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်သည့် (၂)ခန်းတွဲ(၅) ထပ်တိုက်၏ (၅)လွှာတိုက်ခန်း[တိုက်ကိုမျက်နှာမူ(ယာ)]အား ကန်ထရိုက်တာဦးမင်းအောင်က တစ်ဦးတည်းပိုင်ဆိုင်ပြီး အရှုပ်အရှင်းမရှိကြောင်း ဝန်ခံသည့်အတွက် တန်ဖိုးငွေကျပ်သိန်း(၁၆၀) သတ်မှတ်၍ ၁-၁၂-၂၀၁၄ ရက်တွင် စရန်ငွေကျပ် သိန်း(၁၄၀)ကို ဒေါ်သီတာအေး[၁၂/ကတတ(နိုင်)၀၁၇၅၁၅]က မြေပိုင်ရှင် ဦးမြဝင်းနှင့် အသိသက်သေ ဦးမောင်မောင်လေး-ဒေါ်ခင်စန်းအေးတို့ရှေ့တွင် ပေးအပ်ခဲ့ပြီး တိုက်ခန်းတန်ဖိုး ကျန်ငွေကျပ် သိန်း(၂၀)ကို တိုက်ခန်းအပ်နှံသည့်နေ့တွင် ပေးချေရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။

ဒေါ်သီတာအေးမှ ဝယ်ယူရန်သဘောတူပြီး စရန်ငွေကျပ်သိန်း (၁၄၀)ကို ပေးချေပြီးဖြစ်ရာ တိုက်ခန်းအပ်နှံရန်ပျက်ကွက်ပါက ပေးချေထားသည့်စရန်ငွေကျပ် သိန်း(၁၄၀)၏ (၂)ဆကို ဦးမင်းအောင်မှ ပြန်လည်ပေးလျော်ရမည်ဖြစ်ကြောင်း ဦးမင်းအောင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်စိုး **B.A, H.G.P** (အထက်တန်းရှေ့နေ) (စဉ်-၁၈၄၃၂)

ဖုန်း-၀၉-၇၉၆၁၈၇၇၆၄

## TRADEMARKS CAUTION

Kusum Healthcare Pvt. Ltd. (Branch Office), situated at No. 3/01A, Landmark Tower, Shwegon Plaza Compound, Shwegondine Street, Bahan Township, Yangon Region and its Head Office is in New Dehli, India, incorporated under Company Registration No. 55-85780, is the owner and sole proprietor of the following trademarks:-

| | | |
|---|---|---|
| Linolid 4/13183/2014 | EXPARIN 4/13184/2014 | KUSAPIN 4/13185/2014 |
| ALENDRA 4/5583/2015 | WONDER 4/5584/2015 | LIVOLIC 4/5585/2015 |

Used in respect of " Medical Goods and Medical Products " by Kusum Healthcare Pvt. Ltd. in International Class 3 and 5.

Fraudulent imitation or unauthorized use or any other infringement whatsoever of these trademarks will be dealt with according to law.

U Aung Than (Advocate)
for Kusum Healthcare Pvt. Ltd. (Branch Office)
No. 50, Bank St., A-7, 1st Floor, Kyauktada Tsp, Yangon

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၈)လမ်းနေ ဒေါ်ခက်ခက်[၁၂/မရက(နိုင်)၀၁၇၁၃၀]၏ သမီး မမြသင်းကြည်[၁၂/မရက(နိုင်)၁၄၀၃၆၆]သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဒေါ်ခက်ခက်

## ၂-၆-၂၀၁၅ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ-ကြော်ငြာ ၁၁တွင် ဖော်ပြထားသော ဦးလှသန်း(ခ)ယူနွတ်စ်ဒူပလီ နှင့် သက်ဆိုင်သူများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းချက်

ဦးလှသန်း(ခ)ယူနွတ်စ်ဒူပလီသည် ဦးမောင်မောင်သန်း(ခ) စွာလေအီစွတ်ဒူပလီနှင့် ဒေါ်တီ(ခ)ခတီဇာဘီမာမက်ဂျီဝါးတို့၏ သားတစ်ဦးဖြစ်ပြီး၊ ၁၉၈၈ခုနှစ်တွင် ဖခင်ဖြစ်သူက ၎င်းပိုင်ဆိုင်သော ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်း(ယခင်) မောင်ထော်လေးလမ်း၊ တိုက်အမှတ်-၁၄၀၊ အခန်း(၂)ရှိ ဆိုင်ခန်းဥပစာနှင့်တကွ ၎င်းဆိုင်နှင့်သက်ဆိုင်သော ပစ္စည်းများကို "မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်"ချုပ်ဆို၍ အပိုင်လက်ရောက်ပေးကမ်းခဲ့ပါသည်။

၁၉၉၂ခုနှစ်တွင် ဖခင်နှင့်မိခင်တို့က "ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ ၃၅လမ်း၊ တိုက်အမှတ်-၁၇၆၊ အခန်းအမှတ်-၅၊ (၁၂½ပေ×၅၀ပေ)ထပ်ခိုးအပြည့်၊ ရေမီးအစုံနှင့် တကွ အကျိုးခံစားခွင့်အရပ်ရပ်ကိုလည်းကောင်း၊ "ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ ဆိုင်အမှတ်-၁၄၀၊ အခန်းအမှတ်(၁)(တယ်လီဖုန်းအပါအဝင်)(၅ပေ×၂½ပေ)အခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်"ကိုလည်းကောင်း၊ သားများဖြစ်ကြသော ဦးလှမောင် [၁၂/ကတတ(နိုင်) ၀၀၇၂၆၆]နှင့် ဦးလှသန်း[၁၂/ကတတ(နိုင်)၀၀၇၂၆၄]တို့အား "မေတ္တာဖြင့် အပိုင်ပေးအပ်ခြင်း စာချုပ်"ချုပ်ဆို၍ လက်ရောက်ပေးအပ်ခဲ့ကြပါသည်။ ဦးလှမောင်သည် ၂၈-၇-၁၉၉၆ရက်က ကွယ်လွန်ခဲ့ပြီး လူပျိုကြီးဖြစ်၍ ယခုဦးလှသန်းတစ်ဦးတည်းက လက်ရောက်ပိုင်ဆိုင်လျက်ရှိပါ သည်။

အမှတ်-၂၀၉၊ လမ်း-၄၀၊ အခန်း(၈)၊ ပထမထပ်(ယာ)တိုက်ခန်းကို ဒေါ်ရီရီသန်းအောင်က ၁၉၉၁ခုနှစ်တွင် ဝယ်ယူခဲ့ပြီး အခန်းမှာ ဒေါ်ရီရီသန်းအောင် အမည်ပေါက် လက်ရှိပိုင်ဆိုင်လျက်ရှိသော အခန်းဖြစ်ပါသည်။

၁၉၉၃ခုနှစ်တွင် ဖခင်ဖြစ်သူ ဦးမောင်မောင်သန်း(ခ)စွာလေအီစွတ်ဒူပလီနှင့် မိခင်ဖြစ်သူ ဒေါ်တီ(ခ)ခတီဇာဘီမာမက်ဂျီဝါးတို့က မိမိတို့ပိုင်ပစ္စည်းများကို သားသမီးများအား လက်ရောက်ခွဲဝေပေးခဲ့ပြီးဖြစ်ကြောင်း "ကြေညာစာချုပ်"ချုပ်ဆိုခဲ့ရာ ၂-၆-၂၀၁၅ရက် ကြေးမုံသတင်းစာကြော်ငြာစာ-၁၁တွင် ဒေါ်လှမြင့်(ခ)အိုင်ရှာဘီဒူပလီ၏ အကျိုးဆောင်များ၏ ကြေညာချက်တွင် ဖော်ပြထားသော ပစ္စည်းများမှာ အမွေခွဲဝေပြီးဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းအပ်ပါသည်။ တစ်ဖက်မှ ဦးလှသန်းထံပေးပို့သော နို့တစ်စာကို ယနေ့တိုင်လက်ခံရယူခဲ့ခြင်းမရှိပါသဖြင့် သန်းခေါင်စာရင်းပါ လိပ်စာအတိုင်း ပြန်လည်ပေးပို့နိုင်ပါကြောင်း သိသာရန်အကြောင်းကြားအပ်ပါသည်။

ဦးလှသန်း(ခ)ယူနွတ်စ်ဒူပလီ၏ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ချို(**B.Sc.,R.L**) | ဒေါ်နှင်းစန္ဒာချို(**B.A.(Law), D.B.L.,D.I.L**) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၃၀) | အထက်တန်းရှေ့နေ(စဉ်-၃၅၈၀၉) |

အမှတ်-၁၆၅(အေ)၊ ပထမထပ်၊ ၃၈လမ်း၊
(အလယ်)ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၁၅၃၁၊ ၀၉-၅၁၂၈၈၅၃




***မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာ အရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)***

**à ကိုရင်ငြိ**

တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံက ကျွန်းတု ဖော်ထုတ်နေမှုနှင့် ပတ်သက်၍ ယခုတလော နိုင်ငံတကာစင်မြင့်ပေါ်တွင် အသံဗလံများ ပိုမို ကျယ်လောင်လာသည်။ လွန်ခဲ့သည့် လက စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော ဒေသဆိုင်ရာ ရှန်ဂရီလာဆွေးနွေးပွဲတွင် ကျွန်းတုဖော်ထုတ်မှုကိစ္စနှင့် ပတ်သက်၍ အမေရိကန်နှင့် တရုတ်တို့အကြား ပြင်းပြင်းထန်ထန် ဆွေးနွေးငြင်းခုံမှုများ ပြုလုပ်ခဲ့ကြလေသည်။

ကမ္ဘာ့လုံခြုံရေး ပြဿနာဟူသည်ကား တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့် ခက်တတ်သည့် သဘောကို ဆောင်သည်။ ဝဲဩဃများ၊ လှိုင်းဂယက်များ ပွှမ်းတီးသော ပင်လယ်ပြင်ပမာ ကမ္ဘာ့လုံခြုံရေးပြဿနာများက နိုင်ငံတကာ စင်မြင့်ထက်တွင် ဂယက်ရိုက်တတ်ပြီး တသီတတန်းကြီး ဆွေးနွေးကြ၍ မပြီးနိုင်။

ယခုရက်သတ္တပတ်တွင်မူ နိုင်ငံတကာ စင်မြင့်ဆွေးနွေးပွဲအဖြစ် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများ၏ ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲကို တွေ့မြင်ရလေသည်။

ဂျာမနီနိုင်ငံ၌ နှစ်ရက်ကြာ ကျင်းပခဲ့သော ဂျီ-၇ ဆွေးနွေးပွဲတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အရှေ့တရုတ်ပင်လယ်နှင့် တောင်တရုတ်ပင်လယ်တို့နှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံနှင့် ဖြစ်ပေါ်နေသော အငြင်းပွားမှုများကို တလုံးလဲလဲ ဆွေးနွေးခဲ့ပြန်သည်။

ရွှေထီးဆောင်းမင်းတို့၏ ညီလာခံဟု တင်စားခေါ်ဝေါ်အပ်သော ယင်းညီလာခံ၌ ကမ္ဘာ့လုံခြုံရေးကိစ္စရပ်များက လွှမ်းမိုးနေခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုမရှိသော်လည်း အရှေ့တရုတ်ပင်လယ်အတွင်း ကျွန်းစုပိုင်ဆိုင်မှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံနှင့် သံတမန်ရေးဆက်ဆံမှု ဖြောင့်ဖြူးမှုမရှိတတ်သည်မှာ ကမ္ဘာသိ ကိစ္စရပ်ဖြစ်သည်။

အမေရိကန်နည်းတူ ဂျပန်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများနှင့် သံတမန်ရေးနှင့် မဟာဗျူဟာဆက်ဆံရေး မြှင့်တင်လျက်ရှိလေရာ တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ ရတက်မအေးဖြစ်နေကြရသော အရှေ့တောင်အာရှ နိုင်ငံများနှင့်အတူ သွေးစည်းညီညွတ်မှုကို ပြသလာသည်။

ဖိလစ်ပိုင်သမ္မတ ဘီနစ်နိုအကွီနိုသည် လွန်ခဲ့သည့်ရက်သတ္တပတ်က မြို့တော်တိုကျို၌ ဝန်ကြီးချုပ်အာဘေးနှင့် တွေ့ဆုံခဲ့သည်။ ဂျပန်လက်နက်ကိုင် တပ်ဖွဲ့များအား ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ဝင်ထွက်ခွင့်ပေးမည့် သဘောတူညီချက်တစ်ရပ် ပေါ်ထွက်လာရေးအတွက် ဆွေးနွေးပွဲစတင်ပြုလုပ်သွားမည်ဟု နှစ်နိုင်ငံ ခေါင်းဆောင်များက ထုတ်ပြန်ကြေညာခဲ့သည်။

လွန်ခဲ့သည့်လက တောင်တရုတ်ပင်လယ်ပြင်အတွင်း တရုတ်ပိုင် ကျွန်းများအနီးအပါးမှ အမေရိကန် စစ်ထောက်လှမ်းရေး လေယာဉ်တစ်စင်း ဝဲပျံခဲ့ခြင်းမှာ တရုတ်နိုင်ငံအား ဆွပေးရာ ရောက်ခဲ့သည်။ ရေကြောင်းသွားလာမှု လွတ်လပ်ရေးအတွက် အစီအစဉ်များ ရေးဆွဲချမှတ်လျက်ရှိသည်ဟုလည်း အမေရိကန် ကာကွယ်ရေးဌာန (ပင်တဂွန်)က ထုတ်ပြန်ကြေညာခဲ့သည်။

ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲ၌ အမေရိကန်ကရော ဂျပန်နိုင်ငံကပါ တောင်တရုတ်ပင်လယ်အရေးနှင့် ဆက်စပ်၍ ဝေဖန်ခဲ့ကြပြီး မဟာဗျူဟာမြောက် ရေလမ်းကြောင်းများကို တရုတ်နိုင်ငံက ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေသည်ဟု ယင်းနှစ်နိုင်ငံက ညာသံပေးခဲ့ကြလေသည်။

ဂျီ-၇ စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု၏ ထိပ်သီးဆွေးနွေးပွဲ၌ အချေအတင် ဆွေးနွေးခဲ့ကြသည့် အကြောင်းရပ်မှာ အာရှအခြေခံ အဆောက်အအုံ



**နိုင်ငံပေါင်း ၁၇ နိုင်ငံပါဝင်သော "Baltops" စစ်ရေးလေ့ကျင့်မှု**

ရင်းနှီးမြှုပ်နှံရေးဘဏ် (အေအိုင်အိုင်ဘီ) ထူထောင်ရေးနှင့် ဆက်စပ်လျက်ရှိသည်။ တရုတ်နိုင်ငံက ဦးဆောင်မည့် အေအိုင်အိုင်ဘီဘဏ်ကို ယခုနှစ်ကုန်ထက်နောက်မကျဘဲ ထူထောင်ရန် ရှိနေသည်။

အေအိုင်အိုင်ဘီဘဏ် ထူထောင်ခြင်းနှင့် ပတ်သက်၍ ဂျီ-၇ နိုင်ငံများအတွင်း အကွဲအပြဲဖြစ်ပေါ်လျက်ရှိသည်။ ယင်းဘဏ်၏ မူလအဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ရန် ဂျီ-၇ နိုင်ငံ အချို့က သဘောတူညီခဲ့ပြီးဖြစ်သည်။

ဗြိတန်၊ ပြင်သစ်၊ ဂျာမနီနှင့် အီတလီနိုင်ငံတို့သည် တရုတ်နိုင်ငံဦးဆောင်သည့် ဒေသဆိုင်ရာရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မူလအဖွဲ့ဝင် နိုင်ငံများအဖြစ် ပါဝင်ရန် သဘောတူညီခဲ့ကြသော်လည်း ကနေဒါ၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့က ယင်းဘဏ်တွင် ပါဝင်ခြင်းမပြုရန် ညီလာဖြဖြ လက်တွဲလျက်ရှိကြလေသည်။

တရုတ်နိုင်ငံအတွက်မူ ပဥ္စင်တူရိယာနှဲခရာ သာယာချင်လျက် လင်းကွင်းဖျက်ဟူဘိသို့ အေအိုင်အိုင်ဘီထူထောင်ခြင်းကို ဆန့်ကျင်နေသော အင်အားစုနှင့် ရင်ဆိုင်နေရဆဲဖြစ်လေသည်။

ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲတွင် အေအိုင်အိုင်ဘီဘဏ် ထူထောင်ခြင်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြရာတွင် ဝန်ကြီးချုပ်အာဘေးက -

"အခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုတွေကို ပြုလုပ်ရာမှာ စီမံခန့်ခွဲရေးအဖွဲ့အနေနဲ့ ပွင့်လင်းမြင်သာမှုရှိရမယ်။ ကောင်းမွန်သော အုပ်စိုးမှုရှိရမယ်။ နိုင်ငံတကာ ငွေချေးခြင်းဆိုင်ရာ စံနှုန်းတွေနဲ့လည်း ကိုက်ညီမှုရှိရပါမယ်" ဟူ၍ ဝေဖန်ခဲ့ရာ တရုတ်နိုင်ငံအနေဖြင့် ပြည်ပန်းညှိချိုချင်ပါလျက် ဆားကဖျက်လေပြီဟု တွေးတောမိပေလိမ့်မည်။

ကြွေးယူမည့် နိုင်ငံများ၏ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် စီးပွားရေးပတ်ဝန်းကျင်တို့ မထိခိုက်အောင် သတိကြပ်ကြပ်ထားသင့်သည်ဟု ဂျပန်အစိုးရက ထောက်ပြခဲ့သည်။

အေအိုင်အိုင်ဘီဘဏ်နှင့် စပ်လျဉ်း၍ ဂျီ-၇ နိုင်ငံများအတွင်း ညှိနှိုင်းဆွေးနွေးမှုများ တိုးမြှင့်ပြုလုပ်သွားကြရန် သဘောတူညီချက်တစ်ရပ်ကိုမူ ရရှိခဲ့ကြလေသည်။

ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲတွင် ယူကရိန်းအရေးအားအကြောင်းပြု၍ ဗိန်းဗောင်းသံ သောသောညံခဲ့သည်ကိုလည်း ကြားသိရသည်။

"ယူကရိန်းနိုင်ငံ အရှေ့ပိုင်းမှာ ရုရှားတပ်ဖွဲ့တွေ စစ်ဆင်ရေးတွေ ဆက်လုပ်နေတုန်းပဲ။ ယူကရိန်းနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်စိုးမှုနဲ့ ပိုင်နက်နယ်မြေစုစည်းတည်ရှိမှုကို ရုရှားနိုင်ငံက ခြိမ်းခြောက်နေပါတယ်" ဟူ၍ အမေရိကန်သမ္မတဘာရက်အိုဘားမားက မောင်းထောင်းသလို အားမာန်ပါပါ ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအား မဟာဗျူဟာနှင့် စစ်ရေးအရ ဖိအားပေးမှုတိုးမြှင့်ရေး မူဝါဒတစ်ရပ်ကို ဂျီ-၇ ခေါင်းဆောင်များက ပုံဖော်ထုဆစ်လျက်ရှိကြလေသည်။

ဩစတြီးယားနယ်စပ်အနီး ဘာဗာရီယန်အဲလ်ပ်တောင်တန်းဒေသ အပန်းဖြေစခန်းတည်ရာ ရှလော့စ်အယ်လ်မောမြို့၌ ကျင်းပသော ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်အား ဖိတ်ကြားခဲ့ခြင်းမရှိချေ။

အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီနှင့် ကနေဒါနိုင်ငံတို့ပါဝင်သော ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲ၏ ပူးတွဲကြေညာချက်တွင် သမ္မတအိုဘားမား၏ ရုရှားဆန့်ကျင်ရေးမှတ်ချက်စကားများကို ထပ်လောင်းအတည်ပြုထားရာ ကမ္ဘာ့တစ်လွှားအုတ်အာသောင်းသဲ ဆွေးနွေးငြင်းခုံစရာဖြစ်ရလေသည်။

ဂျီ-၇ ဆွေးနွေးပွဲသည် ရုရှားနိုင်ငံအား မျက်ခုံးလှုပ်စေသော နိုင်ငံတကာ စင်မြင့်တစ်ခုဖြစ်ခဲ့သည်ဟုလည်း ဝေဖန်ချက်များ ပေါ်ထွက်လာသည်။

လောလောလတ်လတ်အားဖြင့် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များသည် ရုရှားနယ်စပ်နှင့် ထိစပ်နေသော ဝေဟင်၊ ရေပြင်နှင့် မြေပြင်တို့တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရသည်။

အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်သည် ရုရှားနိုင်ငံ၏ ပစ်မှတ်များအား ကြိုတင်လက်ဦးမှုရယူကာ တိုက်ခိုက်ရန် သင့်၊ မသင့် စဉ်းစားသုံးသပ်နေသည်ဟု အမေရိကန် ကာကွယ်ရေးတာဝန်ရှိသူများက လွန်ခဲ့သည့်ရက်သတ္တပတ်တွင် အောက်လွှတ်တော်ရှေ့မှောက်၌ ထွက်ဆိုခဲ့ကြသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)သည် မကြာသေးမီက လျှပ်တစ်ပြက်တုံ့ပြန်တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်ခဲ့ပြန်ရာ ရုရှားနိုင်ငံအား စစ်အင်အားအရ လေးခင်းပြခြင်းလောဟု တွေးဆရလေသည်။

မြေပြင်ထိုးစစ်တွင် စစ်ဦးဘီလူးအဖြစ် ဦးဆောင်အခန်းကဏ္ဍမှ ရှိနေမည့် လျှပ်တစ်ပြက်တုံ့ပြန်တိုက်ခိုက်ရေးတပ်ဖွဲ့သည် ဇွန် ၉ ရက်မှစ၍ ပိုလန်နိုင်ငံ၌ စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည်။

နိုင်ငံပေါင်း ၁၇ နိုင်ငံပါဝင်သော "Baltops" စစ်ရေးလေ့ကျင့်မှုတွင် နေတိုးနှင့် အမေရိကန်တပ်ဖွဲ့ဝင် ၅၆၀၀ ပါဝင်ပြီး၊ ဆွီဒင်၊ ဂျာမနီနှင့် ဘောလ်တစ်ပင်လယ်တို့တွင် တစ်ပြိုင်နက်တည်း ပူးပေါင်းလေ့ကျင့်မှုကို ဇွန် ၆ ရက်မှ ၂၀ ရက်အထိ ပြုလုပ်လျက်ရှိကြသည်။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီး စစ်အေးပြီးဆုံးခဲ့သည်မှာ ရာစုနှစ်လေးပုံတစ်ပုံမျှ ကြာမြင့်ခဲ့ပြီးနောက် ဥရောပတွင် အမေရိကန်က ယင်း၏ အဏုမြူလက်နက်တိုက်ကို ပြန်လည်ထားရှိနိုင်ရန် ပြင်ဆင်နေသည်ဟု သတင်းများပေါ်ထွက်ခဲ့ပြန်ရာ စစ်အေးခေတ်သံသရာတစ်ပတ်လည်တော့မည်လောဟု ကမ္ဘာသူကမ္ဘာသားတို့ စနိုးစနောင့်ဖြစ်ကြရလေသည်။ ။

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ခိုင့်ထံဆက်လောင်းရန် ကပ်သွားသောအခါ ခိုင်သည် မျက်နှာထားတည်တည်နှင့် လှမ်းပြော၏။

" မောင် . . . ခိုင့်ကို ရေမလောင်းနဲ့ ဒါပဲ . . . "

ကျွန်တော်က ခိုင် ဟန့်တားသည်ကို မှုလှသည်တော့ မဟုတ်။ ကျွန်တော့် ရေပုံးတွင်း ရေကုန်နေမှန်းသိရသဖြင့် ရပ်လိုက်မိသည်။

ခိုင်သည် ခပ်လှမ်းလှမ်း၌ ရောက်နေပြီဖြစ်သော ကိုကိုတို့ကို ကြည့်၍ ဆိုသည်။

"ကိုကိုက . . . ကြည့်။ ရေလောင်းတာတောင်မှ မမမြိုင်ကို လောင်းလို့ ကျန်တာနဲ့ မမကြိုင်ကိုလောင်းတယ် "

ကျွန်တော်သည် ဘာမျှပြန်မဖြေဘဲ ရေထပ်ခပ်ရန် ကန်စပ်သို့ ဆင်းပြေးသည်။ ရေခပ်ပြီး၍ ကန်ပေါင်ရိုးပေါ် ကျွန်တော် ပြန်ရောက်သောအခါ ခိုင် မရှိတော့ . . .။

ကျွန်တော်က ရေပုံးကြီး ဆွဲလျက်နှင့် ဦးထွန်းမောင်ကြီး၏ အိမ်ဆီ လျှောက်လာခဲ့သည်။

အိမ်တံစက်မြိတ်၌ ရေခွက်ကိုယ်စီဖြင့် ငြိမ်းမောင်နှင့် တင်မောင်ညွန့်တို့သည် ခိုင့်ကို ရေဝိုင်းလောင်းနေကြ၏။

ရေပုံးကြီးဆွဲလျက် ကျွန်တော် ဘာဆက်လုပ်ရမှန်း မသိ။

ထိုစဉ် ဒေါ်လေး ဒေါ်စာဥကြီးက ညည်းသည်။

"တကတည်း . . . မျက်နှာလိုက်,လိုက်ကြတာ။ အိုက်လွန်းလို့ ငါ့ကိုတော့ ဘယ်သူမှရေမလောင်းကြဘူး . . . "

အခြားလောင်းစရာ မရှိတော့သော ကျွန်တော်က ဒေါ်လေးဒေါ်စာဥကြီး၏ ဖိုးဝရုပ် ခန္ဓာကိုယ်ကြီး တစ်ခုလုံး ရွှဲအောင် ရေတစ်ပုံးလုံး လောင်းချလိုက်ရပါ၏။

မိုးဦးကျစ ဇွန်လဆန်းတွင် ခိုင်တို့ မန္တလေးပြန်ကြသည်။

ကိုကိုကမူ တာဝန်အရ ပြန်သွားသည်မှာ ကြာလှပြီ။ မြိုင်၊ ခိုင်နှင့် လှိုင်တို့သာ နေရစ်ခဲ့ကြခြင်းဖြစ်သည်။

ထိုအချိန်၌ တက္ကသိုလ်စာမေးပွဲ အောင်စာရင်းများ ထွက်ခဲ့ပြီးလေပြီ . . .။

ခိုင်၊ လှိုင်၊ ကျွန်တော်၊ တင်မောင်ညွန့်တို့ အားလုံး စာမေးပွဲအောင်ကြသည်။

မြန်မာစာကို ဂုဏ်ထူးဖြင့်အောင်သော ခိုင်က မန္တလေး တက္ကသိုလ်တွင် နည်းပြဆရာမ ရာထူးရသည်။

နောက်ဆုံးနှစ် အမ်ဘီဘီအက်(စ်)စာမေးပွဲတွင် ကျောင်းသားအားလုံးအနက် ပထမရသော ကျွန်တော်က ရန်ကုန်ဆေးရုံကြီး၌ပင် ဆရာဝန်အဖြစ် တာဝန်ထမ်းရမည်။ ခိုင်တို့သည် မီးရထားနှင့် ပြန်ကြသောကြောင့် ကျွန်တော်၊ ငြိမ်းမောင်နှင့် တင်မောင်ညွန့်တို့က ဘူတာကြီးသို့ လိုက်ပို့ကြ၏။

လဆန်းစဖြစ်သောကြောင့် မဂ္ဂဇင်းများ ထွက်နေပေပြီ။ ခိုင်သည် ရထားမထွက်မီ ကျွန်တော်တို့သုံးဦးကို မဂ္ဂဇင်းတစ်အုပ်စီ လက်ဆောင်ပေးသွားသည်။ မီးရထားကြီးထွက်သွားသောအခါ တင်မောင်ညွန့်သည် ကျွန်တော်တို့နှင့်ခွဲ၍ ကြိုင်နှင့် ဒေါ်လှယဉ်တို့ကို ပုသိမ်လမ်းမကြီးသို့ သူ့ဖခင်၏ ကားနှင့် လိုက်ပို့၏။ ကျွန်တော်က သန်လျင်သို့ ပြန်မည်ဖြစ်သောကြောင့် ငြိမ်းမောင်သည် ကျွန်တော်နှင့်အတူ ညောင်တန်းသဘော်ဆိပ်သို့ လိုက်ခဲ့၏။

ချစ်ခင်သူများနှင့် ခွဲခွာရခြင်းမည်သည် ယာယီဖြစ်စေ၊ ထာဝစဉ်ဖြစ်စေ စိတ်ထိခိုက်ဖွယ်မျိုးဖြစ်၏။ သဘော်ထွက်ရန် အချိန်လိုသေးသောကြောင့် ကျွန်တော်တို့သူငယ်ချင်းနှစ်ဦးသည် လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ထိုင်ကြသည်။

အတန်ကြာ ငိုင်နေကြပြီး ကျွန်တော်က စတင်စကားပြော၏။

" မင်း . . . ခိုင့်ကို ပြောပြီးပြီလား . . . "

ငြိမ်းမောင်သည် လက်ဖက်ရည်ခွက်ကို စူးစိုက်ကြည့်ရင်း ခေါင်းခါပြ၏။

" ဘာဖြစ်လို့လဲ . . . "

ငြိမ်းမောင်က သက်ပြင်းချရင်း . . . " စောသေးတယ်ကွာ "ဟု ဆိုသည်။

" မင်းမလည်း အမြဲတမ်း စောနေတယ် ထင်တာပဲ ငြိမ်းမောင် "

" ဘယ့်နှယ်လုပ်မလဲမောင် . . .။ ငါ့ဘဝ တစ်လျှောက်လုံးမှာ ငါလုပ်ချင်တာကို လုပ်ဖို့ အချိန်နဲ့ အခြေအနေက ဘယ်တော့မှ မပေးခဲ့ဘူး . . . "

"မင်း အိမ်တွင်းစီးပွားရေးအတွက် ပူပြောနေတာလား . . .။ ဒါကတော့ သိပ်အဓိက မဟုတ်ဘူး ထင်တယ် . . . "

" ဟုတ်ပါတယ် . . . အဓိကလို့တော့ မဆိုနိုင်ဘူး။ ဒါပေမယ့် အဓိကအချက်တစ်ခု ရှိနေတယ် "

"ဘာ . . . လဲ "

"မင်းသိသားပဲ မောင်ရာ၊ တို့မှာ စစ်ဆင်ရေးကြီးတွေ ဆင်နွှဲနေတုန်းပဲ ရှိသေးတယ်။

ဒီစစ်ဆင်ရေးကြီးတွေကို သတင်းစာထဲမှာသာ ဖတ်ကြရတဲ့လူတွေအတွက်တော့ ပေါ့ပေါ့ဆဆပဲ ဖြစ်ချင် ဖြစ်နေမယ်။ ကိုယ်တို့အတွက်တော့ သွေးတွေ၊ အသက်တွေ ကျနေတာကို နေ့တိုင်း မြင်နေရတယ်။ တစ်ခါ တလေ ကိုယ့်လေယာဉ်ပျံကို ကွင်းမှာဆိုက်ပြီး ဆင်းလျှောက်လာတိုင်း ကိုယ့်ကိုယ်ကို လက်နဲ့ ကိုင်ပြီး ပြန်စမ်း ကြည့်မိတယ်၊ စိတ်စွဲပြီး ဝိညာဉ်အဖြစ်နဲ့ အသက်ဟာ ဆက်ရက်လေပဲလား . . . လို့ "

ငြိမ်းမောင်သည် စကားကို မဆက်ဘဲ ငြိမ်နေ၏။ ကျွန်တော်က စကားဆက်ခိုင်းရသည်။

"အဲဒီတော့ . . "

"အဲဒီတော့ ဘာဖြစ်ရမလဲ။ ကိုယ့်ဘဝမှ ကိုယ်မပိုင်သေးတာ . . . တခြားလူတစ်ယောက်ရဲ့ ဘဝကို ဘယ်လိုလုပ် ပိုင်ရမှာလဲ"

ဤအကြိမ်၌ ကျွန်တော် ငိုင်သွားမိသည်။ ငြိမ်းမောင်၏ စကားသည် တစ်ကြိမ်က ကိုကိုပြောခဲ့သော စကားနှင့် တူလှလေသည်တကား . . .။

ခဏ၌မူ ကျွန်တော်သည် အားရပါးရ ရယ်မောပြီး ငြိမ်းမောင်၏ ပုခုံးကို လှမ်းပုတ်၍ ဆိုမိသည်။

"မင်းစေတနာကို ငါနားလည်ပြီ သူငယ်ချင်း။ ဒီစကားမျိုးကို ကိုကိုလည်း ပြောဖူးတယ်။ အပြီးသတ်ကျတော့ ကိုကိုနဲ့ မမမြိုင် ပေါင်းကြရတာပဲမဟုတ်လား။ အေး . . . မင်းတို့ကိုလည်း တူသောအကျိုး ပေးပါ လိမ့်မယ်ကွာ။ ဟား . . . ဟား . . . ဘယ့်နှယ်လဲ "

ကျွန်တော် ရယ်သောကြောင့် ငြိမ်းမောင်လည်း လိုက်ရယ်သည်။

"အေးကွာ . . . ဘာကိုမှ အစိုးမရတဲ့ ဘဝမှာ အနာဂတ်ကို ကြိုတင်မင်းမူထားရတာ အရသာပဲ။ အင်း . . . အင်း . . . အင်း . . . အင့် . . . အင့် "

သဘော်ကြီးက ပထမဥသြမှုတ်သောအခါ ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦး ခွဲခဲ့ကြသည်။

ကျွန်တော်သည် သဘော်ဦး ပထမခန်း၌ ထိုင်ရင်း အတွေးနယ်ချဲ့မိပါသည်။

ပြတင်းဝများအနီး ကပ်လျက် စင်ရော်ငှက်ဖြူဖြူများက ဝဲကာဝဲကာ ကပ်ပျံကာ ရှိနေကြသည်။

သန်လျင်ဘက်သို့ ဦးတည်ခုတ်မောင်းနေသော သဘော်ကြီးသည် ကျွန်တော့်ကို အတိတ်ကာလဆီသို့ ပြန်လည်ခေါ်ဆောင်သွားနေသည်ဟု ထင်မိသည်။

ကျွန်တော်သည် လက်တွင်း၌ ကိုင်လျက်ရှိသော ခိုင်ပေးခဲ့သည့် မဂ္ဂဇင်းစာအုပ်ကို ကြည့်မိသည်။

ကျောဘက်၌ ရိုက်ထားသော မာတိကာရှိ ကဗျာခန်းတွင် ခိုင့်အမည်ကို တွေ့ရသည်။

ကျွန်တော်က စာမျက်နှာများကို လှန်ရှာကြည့်သည်။ မိခိုင် (မန်းတက္ကသိုလ်)၏ ကဗျာကို အလွယ်တကူပင် ရှာတွေ့ပါ၏။ ကဗျာ၏ အမည်ကို **"အိပ်မက်တွင်းက ချစ်သူ"** ဟု တပ်ထားသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**







ဆောင်းပါး

# အပူပိုင်းဒေသအတွင်း တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး တိုးချဲ့ပညာပေးဆောင်ရွက်ရေး

à ဝါဝါဖူး(ငါးဦးစီး)

ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)တို့ ပူးပေါင်းဆောင်ရွက်သော မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ အတွင်း တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးတိုးချဲ့ပညာပေးရေး စီမံကိန်းကို ၂၀၁၄ ခုနှစ် မတ်လတွင် စတင်ခဲ့ပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက်သည် ကျေးလက်နေပြည်သူများသို့ သွင်းအားစုအနည်းငယ်ဖြင့် ရိုးရှင်းသော ငါးမွေးမြူရေးဆိုင်ရာနည်းပညာများ တိုးမြှင့်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝ စီးပွားရေးအခြေအနေများ တိုးတက်လာစေရန် ဖြစ်ပါသည်။

စီမံကိန်းအနေဖြင့်လည်း ကျန်းမာသန်စွမ်းသော ငါးသားပေါက်များထောက်ပံ့ ဖြည့်ဆည်းပေးရန်နှင့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များကို အနီးပတ်ဝန်းကျင် လယ်သမားများထံသို့ ဖြန့်ဝေပေးရန်တို့အတွက် ဒေသတွင်းငါးသားပေါက် ထုတ်လုပ်သူ အမာခံလယ်သမားများ ပြုစုပျိုးထောင်ပေးခဲ့သည်။

ယင်းအပြင် လယ်သမားများအကြား မှီခိုအားထားရန်မလိုသော ပညာပေးစနစ်ကို ထူထောင်ရန်၊ စီမံကိန်းသတ်မှတ်နယ်မြေအတွင်းရှိ ကျေးလက်နေလယ်သမားများအနေဖြင့် တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေး နည်းပညာများ ပြန့်ပွားလာစေခြင်းဖြင့် လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးစီမံကိန်းအတွေ့အကြုံနှင့် ရလဒ်များအပေါ်အခြေခံ၍ အပူပိုင်းဒေသလယ်သမားများနှင့် သင့်တော်သော ငါးမွေးမြူရေးနည်းပညာနှင့် နည်းလမ်းများအား ဖော်ဆောင်ပေးခြင်းဖြင့် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး၏ လက္ခဏာတစ်ရပ်ဖြစ်သော ကုန်ကျမှုအနည်းဆုံးဖြင့် သဘာဝအရင်းအမြစ်များကို အခြေခံ၍စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစပ်လုပ်ကိုင်သည့် ပေါင်းစည်းလယ်ယာလုပ်ငန်းများတွင် လယ်သမားများအနေဖြင့် တစ်စိတ်တစ်ဒေသပြန်လည် အသုံးပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၄ ခုနှစ် မတ်လမှ ၂၀၁၉ ခုနှစ် မတ်လအထိ စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

**ငါးကို ဘယ်လိုစတင်ပြီး မွေးမြူကြမှာလဲ**

ကန်အသေး (၀ ဒသမ ၂၅ ဧကအောက်)ဖြင့် ငါးမွေးမြူရေးနှင့် စပါး-ငါးမွေးမြူရေးလုပ်ငန်းများအား စီမံကိန်းရဲ့ စံပြနည်းလမ်းများအဖြစ်အသုံးချပြီး ပြန်လည်အသုံးပြုနိုင်မည့် နယ်မြေကျေးရွာများသို့ ပညာပေး ကွင်းဆင်းဆောင်ရွက်လျက်ရှိပါသည်။ နည်းလမ်းများသည် ရိုးရှင်းလွယ်ကူသည့် နည်းပညာနှင့် အကုန်အကျနည်းပါးသကဲ့သို့ ကျေးလက်လယ်သမားများ ငါးမွေးမြူရေးစတင် လုပ်ဆောင်ရန် အထူးသင့်တော်မှုရှိပေသည်။

စီမံကိန်းကြီးကြပ်မှုအောက်တွင် ငါးမွေးမြူရေး စတင်လုပ်ဆောင်ရန် လယ်သမားများသို့ အားပေးဆောင်ရွက်လျက်ရှိပါသည်။ သင်တန်းပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ငန်းပြန်လည်သုံးသပ် ဆွေးနွေးပွဲတွင် ငါးမွေးမြူရေးရာသီမစတင်မီ လယ်သမားများအား ငါးမွေးမြူရေးစတင်လုပ်ကိုင်နိုင်ရန်အတွက် အခြေခံငါးမွေးမြူရေး ငါးမွေးကန်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် နေ့စဉ် စာရင်းပြုစုထိန်းသိမ်းခြင်းစသည့် သိသင့်သိထိုက်သော နည်းပညာဆိုင်ရာ သင်တန်းများပေးခြင်း လုပ်ဆောင်ပါသည်။

